ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆန်း ၈ရက်၊ သောကြာနေ့၊ (12-8-2005)(၄၆၅)

မှန်ကန်သည့် ယုံကြည်ချက်ရှိသူသာ မှန်ကန်သည့် ခံယူချက်ရှိသူဖြစ်။ နိုင်ငံသားတိုင်း ဒို့တာဝန်အရေး(၃)ပါးကို ခံယူပြီး ပြည်ထောင်စုစိတ်ဓာတ်၊ အေးချမ်းတည်ငြိမ်ရေး စိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်၊ တည်ဆောက်ရေး စိတ်ဓာတ်တို့ဖြင့် နိုင်ငံတော်ကို တည်ထောင်။

နိုင်ငံရေးတည်ငြိမ်မှု၊ ငြိမ်းချမ်းမှုမှသည် ပြည်သူများ၏ အခြေခံလိုအပ်ချက်အထိ များပြားကျယ်ဝန်းသည့် လုပ်ငန်းစဉ်များကို ပြည်တွင်းစွမ်းအားဖြင့် တည်ဆောက်နေ ဒို့တာဝန်အရေး(၃)ပါးအပေါ် ယုံကြည်ချက်၊ ခံယူချက်ရှိသူများကသာ နိုင်ငံသမိုင်းကို တိုးတက်အောင် ဖန်တီးနိုင်၊ ပြည်ထောင်စုကို ကာကွယ်နိုင်မည်

ရန်ကုန်　　ဩဂုတ်　　၁၁

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူးနှင့် အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသောပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်း၊ သင်တန်းကြီးကြပ်သူ အရာရှိများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✧

အမှာစကား ပြောကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)



နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

(12-8)Internet　1　1/1/32, 10:36 PM

ကြေးမုံ The Mirror
၁၂-၈-၂၀၀၅
(သောကြာနေ့)

မြန်မာမှု မြန်မာ့ဟန်ဖြင့် ပါဝင်ယှဉ်ပြိုင် အရိုးပေါ်အရွက်မဖုံးစေဘဲ တီထွင်ဆန်းသစ်

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအတွက် အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးသည် အဓိကကျသော ဂုဏ်ဒြပ်တစ်ခုဖြစ်သည်။ နိုင်ငံနှင့် လူမျိုး၏ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းက အလေးထားကြရမည့် တာဝန်တစ်ရပ်ဖြစ်သည်။

နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်ဆောင်လျက်ရှိသည့် လူမှုရေးဦးတည်ချက်လေးရပ်တွင် **အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး**ဟူသည့် ဦးတည်ချက်တစ်ရပ်ပါရှိသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ နှစ်စဉ်ကျင်းပနေခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှု မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အရေးပါသော ဆောင်ရွက်ချက်တစ်ရပ်ဖြစ်သည်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်မှစတင်ကျင်းပလာခဲ့ရာ ယခုနှစ်တွင် တေရသမအကြိမ် (၁၃ကြိမ်)ပြိုင်ပွဲကြီးကို မကြာမီကျင်းပတော့မည်ဖြစ်သည်။

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် ပြည်နယ်နှင့် တိုင်းကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၁၀ ရက်နေ့က ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌက ပြိုင်ပွဲကြီးခမ်းနားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရန်နှင့် နှစ်စဉ်ကျင်းပခဲ့ပြီးသော ပြိုင်ပွဲများ၏ အားသာချက်၊ အားနည်းချက်များကို သုံးသပ်၍ ယခုနှစ်ကျင်းပမည့် ပြိုင်ပွဲကြီးကို ပိုမိုပြည့်စုံကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ယခုအချိန်သည် တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ကျင်းပရန် နီးကပ်လာပြီဖြစ်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်များတွင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပ၍ ဘာသာရပ်အလိုက် ဆန်ခါတင်ပြိုင်ပွဲဝင်မည့်သူများကို ရွေးချယ်ကြရမည့်အချိန်ဖြစ်သည်။

သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်အလိုက် ပြိုင်ပွဲများကို ကျယ်ကျယ်ပြန့်ပြန့် ကျင်းပရွေးချယ်ခြင်းဖြင့် ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့် အဆို၊ အက၊ အရေး၊ အတီး အနုပညာရှင်များသာမက ရွက်ပုန်းသီးအနုပညာရှင်အသစ်များပါ ပေါ်ထွက်လာနိုင်မည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နှစ်စဉ် အစဉ်အလာမပျက် ကျင်းပလာခဲ့ရာ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာဆိုင်ရာ အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလျက်ရှိသည်။ အထူးသဖြင့် လူငယ်လူရွယ်များအကြား မြန်မာ့ရိုးရာယဉ်ကျေးမှုကို မြတ်နိုးလေးစားလိုက်နာစောင့်ထိန်းလိုသည့်စိတ်ဓာတ်၊ နိုင်ငံနှင့် လူမျိုးကို လေးစားချစ်ခင်သည့်စိတ်ဓာတ် စသည့် စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုများရရှိနေပြီဖြစ်သည်။

ပြိုင်ပွဲဝင် အနုပညာရှင်များအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၌ ပါဝင်ယှဉ်ပြိုင် ကြရာတွင် မြန်မာ့အနုပညာစစ်စစ်ကို ပေါ်လွင်အောင် ကြိုးပမ်းဖော်ထုတ်ကြရမည်ဖြစ်သည်။ အထူးသဖြင့် အကပြိုင်ပွဲများ၌ မြန်မာ့အကပညာစစ်စစ်ကို ဖော်ထုတ်ရင်း အရိုးပေါ်အရွက်မဖုံးစေဘဲ မြန်မာ့မှုဟန်မပျက် တီထွင်ဆန်းသစ်ထားသည့် ကကြိုးကကွက်များဖြင့် ယှဉ်ပြိုင်နိုင်ရေး အလေးထားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တေရသမအကြိမ်(၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် အနုပညာ ရှင်များက ပြိုင်ပွဲရည်ရွယ်ချက်များနှင့်အညီ မြန်မာမှု မြန်မာ့ဟန်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြရန်နှင့် ယခုနှစ်ကျင်းပမည့် ပြိုင်ပွဲကြီးတစ်ရပ်လုံး ပိုမိုပြည့်စုံကောင်းမွန်အောင် ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီအသီးသီးနှင့် ပြည်နယ်နှင့် တိုင်းများမှ ကိုယ်စားလှယ်များအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ဦးတင်ဦးလွင်အား ခန့်အပ်

ရန်ကုန် ဩဂုတ် ၁၂

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးတင်ဦးလွင်အား သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဩဂုတ် ၁၂

စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဝင်းမြင့်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၅ ခုနှစ် ဇူလိုင် ၂၉ရက်တွင် စင်ကာပူမြို့၌ စင်ကာပူသမ္မတနိုင်ငံ သမ္မတ မစ္စတာ စဲလာပန် ရာမနာသန်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

ကိုရီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်လွှာပေးအပ်

ရန်ကုန် ဩဂုတ် ၁၂

ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးဦးမျိုးလွင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၅ ခုနှစ် ဇူလိုင် ၂၅ရက်တွင် ဆိုးလ်မြို့၌ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာနိုမူဟွန်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံတော် မြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးကျော်ကျော်ဝင်းအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ညွှန်ကြားရေးမှူးချုပ် အဖြစ် ၂၀၀၅ ခုနှစ် ဩဂုတ်လ ၄ရက်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးသန့်ရှင်းအား အစိုးရအဖွဲ့ရုံး၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် ၂၀၀၅ ခုနှစ် ဩဂုတ်လ ၄ရက်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

၂၀၀၅ခုနှစ် တတိယအကြိမ် ဂျပန်ဖလား တံခွန်စိုက် ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ကျင်းပသော ၂၀၀၅ ခုနှစ် တတိယအကြိမ် ဂျပန်ဖလား တံခွန်စိုက်ဂျူဒိုပြိုင်ပွဲ (The 3rd Japan Cup Judo Championship 2005) ဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ခံနာယကများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nobutake Odano နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ကြူကြူနှင့် အမှုဆောင်များ၊ ဧည့်သည်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဂျူဒိုအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

နှုတ်ခွန်းဆက်စကား

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားမောင်မယ်များက အားကစားသစ္စာအဓိဋ္ဌာန် လေးချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်မှ Mr. Shimoyama နှင့် ဦးဇော်လွင်တို့က ခတ္တအားကစားနည်းကို သရုပ်ပြကြသည်။

ထို့နောက် ဖွင့်ပွဲနေ့ပြိုင်ပွဲ ပွဲစဉ်များကို စတင်ကျင်းပပြီး ဩဂုတ် ၁၂ ရက် နံနက်၁၀နာရီတွင် ယင်းအားကစားပြိုင်ပွဲရုံ၌ပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

၂၀၀၅ခုနှစ် တတိယအကြိမ် ဂျပန်ဖလား တံခွန်စိုက် ဂျူဒိုပြိုင်ပွဲတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် အဖွင့်အမှာစကား ပြောကြားစဉ်။ (ဂျူဒိုအဖွဲ့ချုပ်)

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ တတိယနေ့ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၉)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၅)ကို တတိယနေ့အဖြစ် ယနေ့နံနက် ၉နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက် ရတနာခန်းမ၌ ဆက်လက်ကျင်းပသည်။

ကြည့်ရှုလေ့လာ

အဆိုပါကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲသို့ ယနေ့ညနေ ၅နာရီအထိ ပြည်တွင်းနိုင်ငံသား ရတနာကုန်သည် ၉၃၉ဦး၊ ပြည်ပမှ ရတနာကုန်သည် ၃၁၆ဦး စုစုပေါင်း ရတနာကုန်သည် ၁၂၅၅ဦး ရောက်ရှိကြပြီး ခင်းကျင်းပြသထားသည့် ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြသည်။

ဩဂုတ် ၁၂ရက် နံနက်၇နာရီခွဲတွင် ကျောက်မျက်နှင့် ကျောက်စိမ်း(Bargain Form) များကို ဖွင့်ဖောက်မည်ဖြစ်ရာ ယင်းနေ့နံနက်၇နာရီနောက်ဆုံးထား၍ သတ်မှတ်ထားသည့် တင်ဒါပုံးများ၌ ထည့်သွင်းကြရမည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၉)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲဖွင့်လှစ်ပွဲအခမ်းအနားကို ဩဂုတ် ၁၂ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပြီး ဆက်လက်၍ ကျောက်မျက်များကို (Bargain) စနစ်၊(Auction) စနစ်ဖြင့် လည်းကောင်း၊ ကျောက်စိမ်းများကို (Bargain)စနစ်ဖြင့်လည်း ကောင်း ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ဖားအောက်တောရဓမ္မာရုံ ရေစက်ချမင်္ဂလာ

ရန်ကုန် ဩဂုတ် ၁၁

မွန်ပြည်နယ် မော်လမြိုင်မြို့ အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ(ပင်မ) တွင် တည်ဆောက်ပြီးစီးသည့် မေတ္တာဝိဟာရီ သုံးထပ်ဆောင်ဓမ္မာရုံကြီး၏ ရေစက်ချမင်္ဂလာအခမ်းအနားကို ဩဂုတ် ၁၉ရက် (သောကြာနေ့) နံနက် ၈ နာရီခွဲ တွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ဗိုလ်မြတ်ထွန်းတံတား အောက်ရှိ ရေစီးရေလာ အခြေအနေနှင့် တံတားကြီး ကြံ့ခိုင်မှုအခြေအနေ တို့ကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

သတ်မှတ်ထားသည့် စီမံကိန်းလျာထားချက်နှင့်အညီ အောင်မြင်အောင်ဆောင်ရွက်

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ကန်ကြီးထောင့်မြို့နယ်မှ တာဝန်ရှိသူများအားမှာကြား

ဗိုလ်မြတ်ထွန်းတံတား ကြံ့ခိုင်တောင့်တင်းအောင် ဆောင်ရွက်ထားမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၁

ဧရာဝတီတိုင်း ပုသိမ်မြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၉ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာလာကြရာ နံနက် ၈နာရီတွင် ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် ကွင်းယားအရှေ့ကျေးရွာ၌ကျင်းပသည့် ဧရာဝတီတိုင်း ၂၀၀၅-၂၀၀၆ခုနှစ် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲ၊ စပါးအတန်းလိုက်မျိုးစေ့ချ စိုက်စွမ်းရည်ပြိုင်ပွဲနှင့် မျိုးစေ့ချကိရိယာ အသုံးပြုယှဉ်ပြိုင်ပွဲသို့တက်ရောက်ပြီး ဆက်လက်ထွက်ခွာလာကြရာ နံနက် ၁၀နာရီ ၁၅ မိနစ်တွင် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့သို့ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာသီရိသုခခန်းမ၌ ကန်ကြီးထောင့်မြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ကန်ကြီးထောင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်က မြို့နယ်၏ မြေအသုံးချမှု၊ မိုးစပါးစိုက်ပျိုးပြီးစီးမှု၊ ၂၀၀၄-၂၀၀၅ ခုနှစ် အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးရိတ်သိမ်းပြီးစီးမှုနှင့် ၂၀၀၅-၂၀၀၆ခုနှစ် အတွက်လျာထားဆောင်ရွက်မှု၊ ဒေသဝမ်းစာ ဖူလုံမှု၊ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

အမှာစကားပြောကြား

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ဧရာဝတီတိုင်းသည် နိုင်ငံတော်၏ စီးပွားရေးကို များစွာ အထောက်အကူပြုသည့် တိုင်းဖြစ်ရာ တိုင်းအတွင်းရှိ ကန်ကြီးထောင့်မြို့နယ်အပါအဝင် မြို့နယ်အားလုံးက သတ်မှတ်ပေးထားသည့် စီမံကိန်းလျာထားချက်များနှင့်အညီ ဖြစ်မြောက်အောင်မြင်အောင် ဆောင်ရွက်မှသာ တိုင်း၏ အသားတင်ကုန်ထုတ်တန်ဖိုး တိုးတက်ပြီး မြို့နယ်၊ တိုင်းနှင့် နိုင်ငံအတွက် အကျိုးရှိနိုင်မည်ဖြစ်ကြောင်း၊ တစ်ဦးချင်းဝင်ငွေများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးပေါ်ထွန်းလာရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာတွင် နယ်မြေ အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေ စိုးမိုးရေး၊ စီးပွားရေးအင်အား တောင့်တင်းခိုင်မာရေးနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် အဓိကလိုအပ်ချက်များ ပြည့်စုံစေရန်အတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းတို့ကို ချမှတ်ကာ နိုင်ငံတော်ဒေသအသီးသီးတွင် မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာအောင် ကဏ္ဍစုံတွင် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က ချမှတ်ပေးထားသော စီမံကိန်းများ၊ တိုင်းက မြို့နယ်အလိုက် သတ်မှတ်ပေးထားသော စီမံကိန်းလျာထားချက်များ အောင်မြင်စေရန် ဒေသတာဝန်ခံများ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများဝိုင်းဝန်းပူးပေါင်း၍ တက်ညီလက်ညီ ဆောင်ရွက်ကြရန်လိုကြောင်း ဖြင့် တိုက်တွန်းပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတား ကြိမ်ပင်ဆည်ဘက်ကမ်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ မွန်းလွဲ ၂နာရီတွင် ရောက်ရှိကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းအား မအူပင်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင် အင်ဂျင်နီယာမှူး ဦးစိုင်းကျော်မိုးက တံတားကြံ့ခိုင်မှုအခြေအနေ၊ တံတားအောက်ခြေရှိ မြစ်မြေမျက်နှာပြင် ပြောင်းလဲမှုအခြေအနေ၊ နှစ်အလိုက် မြေမျက်နှာပြင်ပြောင်းလဲမှု အခြေအနေနှင့်လက်ရှိ အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်သိန်းက ရေလမ်းကြောင်းပြောင်းလဲရန် စီစဉ်ဆောင်ရွက်မှုအခြေအနေနှင့် ရေလွှဲရေကာများ တည်ဆောက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင့်ဆန်းက မြစ်အတွင်း ရေစီးဝင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဗိုလ်မြတ်ထွန်း တံတားအောက်ရှိ ရေစီးရေလာ အခြေအနေနှင့် တံတားကြံ့ခိုင်တောင့်တင်းအောင် ဆောင်ရွက်ထားသည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်သိန်းက မြစ်ကမ်းပါးထိန်းသိမ်းမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

(သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် ခရိုင်လုံးကျွတ် ကျေးရွာ စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီး

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် ခရိုင်လုံးကျွတ် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးမှုနှင့် ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် အလှူရှင်များက အလှူငွေနှင့်စာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၈ရက် နံနက် ၉နာရီတွင် သန်လျင်မြို့ရှိ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရှင်စောပုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းတို့က အမှာစကားများ ပြောကြားကြပြီး ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြမှုနှင့် တာဝန်ရှိသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးများအား စာအုပ်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကိုကျင်းပရာ မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးက လှူဒါန်းငွေ ကျပ်တစ်သိန်း၊ Winner Brother Co., Ltd. မှ ဦးသက်အောင်က ငွေကျပ် တစ်သိန်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းရှင်များအသင်းက ငွေကျပ် တစ်သိန်း၊ မြရတနာအိမ်ရာစီမံကိန်း ဥက္ကဋ္ဌ ဦးမြင့်ဦးက ငွေကျပ်ငါးသောင်း၊ သစ်ဆိုင်လုပ်ငန်းရှင်များမှ ဦးမြင့်သိန်းက ငွေကျပ်ငါးသောင်း၊ ခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသောင်းရှိန်က ငွေကျပ် ငါးသောင်း၊ ဟာဂျီဦးကျော်ဝင်းက ငွေကျပ် ငါးသောင်း၊ ဦးစိန်လွင်က ငွေကျပ်ငါးသောင်း၊ ဦးဟန်မြင့်ကြည် အလူမီနီယံ လုပ်ငန်းက ငွေကျပ်ငါးသောင်း၊ ဦးမြသက်အောင် ခရိုင် အင်ဂျင်နီယာမှူးက ငွေကျပ် ငါးသောင်းအပါအဝင် အလှူရှင် ၁၇ဦးက အလှူငွေကျပ်ခုနစ်သိန်း ခုနစ်သောင်းကို အသီးသီးပေးအပ်လှူဒါန်းကြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးသန်းထွန်း၊ ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်တို့က လက်ခံယူသည်။

(သတင်းစဉ်)

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်တရားစခန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၁

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဗဟုဇနဟိတရေ ဘဒ္ဒန္တ သောဘဏ(ဒီဃနိကာယကောဝိဒ သာသနာ့ဓဇ သိရီပဝရ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဩဂုတ် ၁၈ရက်မှ ၂၇ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၇၁၂၅၈သို့ဖြစ်စေ ဩဂုတ် ၁၇ရက်အရောက် ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။

(က-ပ)

MRTV-4

ရုပ်မြင်သံကြားအစီအစဉ်

၁၂-၈-၂၀၀၅ (သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	၂၀၀၅ခုနှစ် နိုင်ငံတကာ ဂေါက်သီးရိုက်ပြိုင်ပွဲ
၇:၄၀	တေးဂီတအစီအစဉ်
၇:၄၅	ပညာပါရမီကုသိုလ်တော် နတ်လူသာဓုခေါ်
၇:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၇:၅၅	တေးဂီတအစီအစဉ်
၈:၀၀	Star Album- (Examplez)
၈:၄၀	ပြည်တွင်းသတင်းအကျဉ်း
၈:၄၅	မိုးလေဝသခန့်မှန်းချက်
၈:၅၀	ဆန်စက်ဖွံ့ဖြိုးဒို့ပြည်ကျိုး
၉:၀၅	တေးဂီတအစီအစဉ်
၉:၁၀	၂၀၀၅ခုနှစ် မြန်မာ့သိုင်း ပညာပြပွဲနှင့်ဇန်တိုအတိုက် ပြိုင်ပွဲ(အပိုင်း-၁)
၉:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅	ကွင်းမြေနမူနာထုတ်ယူခြင်းမှ ရရှိလာသောမြေနမူနာ များအားဓာတ်ခွဲစမ်းသပ်ခြင်း
၁၀:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၂၀	Learning English(Tools)
၁၀:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅	မော်ကွန်းစာကိုး ပြည့်တန်ဖိုး
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည(၂၃:၀၀)နာရီအထိ (၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

စွမ်းအင်အရင်းအမြစ်များ အမျိုးအစားစုံလင်မှု ရှိရန်လို လောင်စာ ဖူလုံရေးဆောင်ရွက်ရန် အိန္ဒိယဝန်ကြီးချုပ် တိုက်တွန်း

နယူးဒေလီ ဩဂုတ် ၉

အိန္ဒိယနိုင်ငံ၏ စွမ်းအင်အရင်းအမြစ်များ အမျိုးအစား စုံလင်မှုရှိရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံသည် နျူကလီးယား စွမ်းအင်ပေါ်တွင် ပိုမိုအာရုံစိုက်သင့်ကြောင်း၊ တစ်ချိန်တည်းမှာပင် အစိုးရက လောင်စာဈေးနှုန်း သတ်မှတ်ပေးသည့် စနစ်ကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်း အိန္ဒိယ ဝန်ကြီးချုပ် မန်မိုဟန်ဆင်းက စနေနေ့တွင် ပြောကြားသည်။

လောင်စာဖူလုံရေးသည် နိုင်ငံတော်၏ ဦးစားပေး လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း အသစ်ဖွဲ့စည်းပြီး ဖြစ်သော စွမ်းအင် ညှိနှိုင်းရေးကော်မတီ၏ ပထမအကြိမ် အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်သူ ဆင်းက ပြောကြားသည်။

ကျဉ်းမြောင်း

အိန္ဒိယနိုင်ငံတွင် လာမည့်၂၅နှစ်တာကာလအတွင်း စွမ်းအင်ဆိုင်ရာဝယ်လိုအားနှင့် ရောင်းလိုအားကွာဟချက် ကျဉ်းမြောင်းသွားစေရေးအတွက်လိုအပ်သည့် မူဝါဒဆိုင်ရာ ပြင်ဆင်ပြောင်းလဲမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ကမ္ဘာတစ်ဝန်းတွင် ရေနံဈေးနှုန်းများ ဆက်လက် မြင့်တက်နေချိန်တွင် အိန္ဒိယနိုင်ငံသည် စွမ်းအင်အရင်းအမြစ်များ အမျိုးအစား အစုံအလင်ရှိရန် လိုအပ်ကြောင်း၊ စွမ်းအင်အရင်းအမြစ်များကို စီးပွားရေးအရ ပိုမိုတွက်ခြေကိုက်အောင် အသုံးချနိုင်ရေးအတွက် စွမ်းအင်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ် တိုးတက်စေသင့်ကြောင်း၊ သင့်တင့်လျော်ကန်သည့် ဈေးနှုန်းသတ်မှတ်သည့်စနစ်ကို ကျင့်သုံးရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

အနာဂတ်ကာလတွင် စွမ်းအင် အကျပ်အတည်းကြောင့် စီးပွားရေး ထိခိုက်ရခြင်းမှ ရှောင်ရှားနိုင်ရေးအတွက် စွမ်းအင်ဖူလုံမှုရှိရန် လိုအပ်ကြောင်း ဆင်းက ပြောကြားသည်။

စွမ်းအင်ညှိနှိုင်းရေး ကော်မတီ အစည်းအဝေးသို့ စွမ်းအင် ဝန်ကြီးအပါအဝင် ဝန်ကြီးအချို့၊ အထက်တန်းတာဝန် ရှိသူများနှင့် စီးပွားရေးမူဝါဒ အကြံပေးပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘဂ္ဂဒက်အလယ်ပိုင်းရှိ ကားဗုံးဖောက်ခွဲ တိုက်ခိုက်ခံရသည့်နေရာ၌ လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဩဂုတ် ၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အစားအစာနှင့်ရေမှတစ်ဆင့်ဖြစ်ပွားသောရောဂါများကြောင့် နီပေါနိုင်ငံတွင် လူပေါင်း ၃၀၀၀ ခန့် အသက်ဆုံးရှုံး

ခတ္တမန္ဒူ ဩဂုတ် ၈

နီပေါတွင် ယမန်နှစ်က အစားအစာနှင့်ရေကြောင့် ရောဂါများဖြစ်ပွားမှု ၂၀၀၀၀ ရှိခဲ့ပြီး ၃၀၀၀ ခန့် မှာသေဆုံးခဲ့သည်ဟု ကူးစက်ရောဂါထိန်းချုပ်ရေးဌာန (အီးဒီစီဒီ) ညွှန်ကြားရေးမှူး မာဟိန်ဒရာဘာဟာဒူဘီစတာ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းစာက တနင်္ဂနွေနေ့တွင် ရေးသားခဲ့သည်။

အစောပိုင်းနှစ်များက နီပေါတွင် အစားအစာနှင့်ရေကြောင့် ဖြစ်ပေါ်နေသောရောဂါများ ကူးစက်မှုတစ်နှစ်လျှင် ပြည်သူ ၃၀၀၀၀၀ ခန့် ခံစားခဲ့ရပြီး ၂၅၀၀၀ ခန့်သည် နှစ်စဉ် သေဆုံးခဲ့ရသည်။ ယခုအခါ ကျန်းမာရေးဆိုင်ရာ ဂရုစိုက်မှု များပြားလာသည့်အတွက် နှစ်ပေါင်းများစွာကာလကထက် အသေအပျောက်သိသာစွာ ကျဆင်းသွားကြောင်း ဘီစတာက ဆိုသည်။

အစားအစာနှင့် ရေကြောင့်ဖြစ်ပွားတတ်သော ရောဂါများတွင် ကာလဝမ်းလျှောရောဂါ၊ အစာအိမ်အူလမ်းကြောင်းဆိုင်ရာရောဂါ၊ တိုက်ဖွိုက်၊ အသည်းရောင် အသားဝါရောဂါ၊ ပိုလီယိုရောဂါ၊ ဝမ်းလျှောရောဂါ၊ ကပ်ပါးရောဂါနှင့် ဓာတု အဆိပ်အတောက်ဖြစ်စေသော ရောဂါတို့ပါဝင်သည်။ အကယ်၍ အချိန်မီကြိုတင်ကာကွယ်ရေးများ လုပ်ဆောင်နိုင်လျှင် ထိုရောဂါဖြစ်ပွားမှုမှာ လျော့နည်းနိုင်သည်ဟု ဆိုသည်။

လတ်ဆတ်သော အစားအစာများကို ရွေးချယ်စားသောက်ခြင်း၊ အစာကို ကျက်အောင် ချက်ပြုတ်ခြင်း၊ အသားစိမ်းနှင့်ချက်ပြီး အစားအစာများကို ရောယှက်ထားခြင်းကို ရှောင်ကြဉ်ခြင်း၊ လက်ကိုစင်ကြယ်စွာ အထပ်ထပ်ဆေးကြောခြင်း၊ သန့်ရှင်းသောရေကို သောက်သုံးခြင်းတို့သည် ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ကြောင်း ဘီစတာက ပြောကြားသည်။

တစ်ချိန်တည်းမှာပင် သန့်ရှင်းသော သောက်သုံးရေများကို သုံးစွဲခြင်းဖြင့် ရေကြောင့်ဖြစ်သော ရောဂါဖြစ်ပွားနှုန်း ၆၀ ရာခိုင်နှုန်းကို ထိန်းချုပ်နိုင်သည်ဟု ဘီစတာက ထပ်မံဖြည့်စွက်ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



ဘဂ္ဂဒက်မြို့တော်၌ တိုက်ခိုက်မှုငါးကြိမ်ဖြစ်ပွား အီရတ်ရဲတပ်ဖွဲ့ဝင် ၁၀ ဦး သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် သီးခြားတိုက်ခိုက်မှု ငါးမှုဖြစ်ပွားခဲ့ရာ အီရတ်ရဲတပ်ဖွဲ့ဝင် ၁၀ ဦးထက်မနည်း ပစ်သတ်ခံခဲ့ရကြောင်းဖြင့် ပြည်ထဲရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ပထမတိုက်ခိုက်မှုသည် ဘဂ္ဂဒက်မြို့ အရှေ့ပိုင်းဒေသရှိ အထင်ကရ အဝေးပြေးလမ်းမကြီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကင်းလှည့်နေသည့် ရဲတပ်ဖွဲ့ဝင် လေးဦးအား ပြောက်ကျားများက မောင်းပြန်သေနတ်များဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

အားလုံးသော တိုက်ခိုက်မှုများသည် နံနက် ၇ နာရီခွဲနှင့် နံနက် ၉ နာရီအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဘဂ္ဂဒက်မြို့တောင်ပိုင်း ဒူရာဒေသတွင် ရဲတပ်ဖွဲ့မှ ဗိုလ်ကြီးတစ်ဦးနှင့် ၎င်း၏ ယာဉ်မောင်းတို့ သေဆုံးခဲ့ပြီး ပြည်ထဲရေးဌာန မှုခင်းဌာနမှ အရာရှိတစ်ဦး ဇာဖာရန်နီယာဒေသအနီးတွင် ၎င်း၏ မော်တော်ယာဉ်အတွင်း ပစ်သတ်ခံခဲ့ရသည်။

လက်နက်ကိုင်များက ဘဂ္ဂဒက် ဆင်ခြေဖုံးဒေသဖြစ်သည့် အယ်လ်ရှုလာတွင် လှည့်ကင်းအား တိုက်ခိုက်ပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ပစ်သတ်ကာ အခြားသုံးဦးအား ဒဏ်ရာရရှိစေခဲ့သည်။

အီရတ်အစိုးရက ပြောက်ကျားများအား ၎င်းတို့ကိုယ်တိုင် တိုက်ခိုက်နိုင်စွမ်းရှိပါက အီရတ်ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် အမေရိကန်တပ်ဖွဲ့များထံမှ လုံခြုံရေးတာဝန်ကို လွှဲပြောင်းယူရန် မျှော်လင့်ထားသည်။

သို့ရာတွင် တပ်ဖွဲ့ဝင်များ ရာချီ၍ သေဆုံးစေသည့် မြောက်မြားလှစွာသော ပြောက်ကျားများ၏ တိုက်ခိုက်မှုကို ကာကွယ်ရန် အနိုင်နိုင်ဖြစ်နေသည်။

အမ်အင်အေ၊ ရိုက်တာ။

အမေရိကန်မြောက်ပိုင်း ဓာတုစက်ရုံပေါက်ကွဲ

ဝါရှင်တန် ဩဂုတ် ၁၁

အမေရိကန်နိုင်ငံမြောက်ပိုင်းရှိ ဓာတု စက်ရုံတစ်ခုတွင် ပေါက်ကွဲမှုကြီးတစ်ခု ဩဂုတ် ၉ရက်က ဖြစ်ပွားသည့်အတွက် မီးလုံးကြီးများ တက်လာသည်ကိုမြင်ရကြောင်း သတင်းများထွက်ပေါ် လာသည်။

ထိုအဖြစ်အပျက်ကြောင့် လူရာပေါင်းများစွာကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့ရကြောင်း သတင်းများက ဖော်ပြသည်။ အခင်းဖြစ်ပွားသောနေရာမှာ ဝါရှင်တန်ဒီစီ၏ အနောက်မြောက်ဘက် ကီလိုမီတာ ၆၄၀အကွာ မော်တော်ကားစက်မှုမြို့ ဒက်ထရိုက်မှ မလှမ်းမကမ်း ရောမြူလပ်အရပ်တွင်တည်ရှိသည်။ ရုပ်မြင်သံကြားသတင်းမှ ထိုပေါက်ကွဲမှုသည် ည ၉နာရီအချိန်တွင် ဖြစ်ပွားကြောင်း ထုတ်လွှင့်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရန်အရှေ့မြောက်ပိုင်းတွင် ရေကြီး

တီဟီရန် ဩဂုတ် ၁၁

အီရန်နိုင်ငံ အရှေ့မြောက်ပိုင်း ဟိုလစ္စတန်ပြည်နယ်၌ ရုတ်တရက်မိုးသည်းထန်ကာ ရေကြီးလာသည့်အတွက် လူ ၂၇ဦးအသက်ဆုံးရှုံးပြီး ငါးဦးပျောက်ဆုံးနေကြောင်း နိုင်ငံပိုင် ရုပ်မြင်သံကြားသတင်းဌာနက ဩဂုတ် ၁၀ရက်နေ့တွင် ထုတ်လွှင့်သွားသည်။

ရေကြီးမှုကြောင့် ကျယ်ပြောသောနေရာတွင် ဆိုးဆိုးရွားရွား ပျက်စီးသွားသည်ကို တွေ့ရကြောင်း၊ ရေကြီးရာဒေသတွင် အသက်ရှင်နေသူများ ရှိ၊ မရှိသိရှိရန် ရဟတ်ယာဉ်စေလွှတ်၍ ကယ်ဆယ်ရန် ကြိုးစားနေကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ အနောက်ပိုင်း ဟာဒီသာမြို့တွင် အမေရိကန်တပ်ဖွဲ့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့ရသည့် အိမ်များကို ဩဂုတ် ၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရာမာဒီမြို့၌ တိုက်ခိုက်မှုဖြစ်ပွား ကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁၁

အီရတ်နိုင်ငံ အနောက်ပိုင်းဒေသရှိ ရာမာဒီမြို့တွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးတိုက်ခိုက်ခံရ၍ သေဆုံးခဲ့ကြောင်းဖြင့် အမေရိကန်စစ်ဘက်က အင်္ဂါနေ့က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

၎င်းတပ်ဖွဲ့ဝင်သည် အမှတ်(၂) မရိန်းတပ်မမှဖြစ်ပြီး ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်းမှ ကီလိုမီတာ ၁၁၀ ခန့်အကွာရှိ ရာမာဒီမြို့တွင် လက်နက်ငယ်များဖြင့် ပစ်ခတ်ခံရမှုကြောင့် သေဆုံးသွားခြင်းဖြစ်သည်ဟု ကြေညာချက်အရ သိရသည်။

အမေရိကန် ဦးဆောင်၍ အီရတ်နိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်ခဲ့ပြီးသည့်နောက် အီရတ်တွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၁၈၂၀ ကျော်သွားပြီဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

တိုက်ခန်းမီးလောင်မှုဖြစ်ပွား ရှစ်ဦးသေဆုံး

ဘာလင် ဩဂုတ် ၁၁

ဘာလင်မြို့ရှိ တိုက်ခန်းတစ်ခု၌ ညဘက်တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ လူရှစ်ဦးသေဆုံးခဲ့ကြောင်း၊ ထိုသေဆုံးသူများထဲတွင် ကလေးလေးဦးပါဝင်ကြောင်း ဂျာမန်တာဝန်ရှိပုဂ္ဂိုလ်များက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

ဂျာမနီနိုင်ငံ မိုဘိုက်ဒေသအလယ်ပိုင်းတွင် ငါးထပ်အဆောက်အအုံလှေကားမှ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် အဆိုပါ မီးလောင်ကျွမ်းရခြင်း၏အကြောင်းရင်းကို မသိရှိရသေးကြောင်းသိရသည်။

ထိုမီးလောင်မှုဖြစ်ပွားစဉ် လူများထိတ်လန့်ကြရပြီး လွတ်မြောက်ရန်အတွက် အဆိုပါလှေကားမှပင် ဆင်းခဲ့ကြရကြောင်း မီးသတ်သတ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီးချိန်မှ စ၍ဆန်းစစ်လျှင် ယခုမီးလောင်မှုသည် ဘာလင်မြို့တွင် လူအသေအပျောက် ဒုတိယအများဆုံးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ မီးလောင်မှုအတွင်း မီးခိုးငွေ့များကို ရှူရှိုက်မိခြင်းကြောင်း ဝေဒနာခံစားရသူ လူ ၄၃ဦးကို ဆေးဝါးကုသမှုပေးခဲ့ရပြီး ရှစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မိုးနှောင်းရက်ကျန်

မောင်ထွန်းလွင်
(မိုးလေဝသ)

၂၀၀၅ခုနှစ်ရဲ့ မိုးကြိုကာလ (ဧပြီလလယ်မှ မေလလယ်အထိ)နဲ့ မိုးဦးကာလ (မေလလယ်မှ ဇွန်လကုန်အထိ)တွေမှာ မိုးမကောင်းခဲ့ပါဘူး။ မိုးမကောင်းခဲ့ရတဲ့ အကြောင်းတွေထဲမှာ မုတ်သုံလေအဝင်နောက်ကျခဲ့တာ၊ မေလအတွင်း ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းမဖြစ်ခဲ့တာ၊ မုတ်သုံလေအားမကောင်းခဲ့တာ စတဲ့အကြောင်းတွေ အများကြီးရှိနေခဲ့ပါတယ်။

မုတ်သုံလေဟာ ဒီနှစ် မြန်မာနိုင်ငံတောင်ပိုင်းဒေသကို ရက်သတ္တနှစ်ပတ်ခန့် နောက်ကျပြီးမှ မေလ ၂၁ ရက်နေ့မှာမှ ဝင်ရောက်နိုင်ခဲ့ပါတယ်။ မြစ်ဝကျွန်းပေါ်ဒေသကို မေလ ၃၁ ရက်၊ မြန်မာနိုင်ငံအလယ်ပိုင်းကို ဇွန်လ ၁၁ရက်နဲ့ မြန်မာနိုင်ငံမြောက်ပိုင်းကို ဇွန်လ ၁၅ ရက် စသည်ဖြင့် အသီးသီးဝင်ရောက်ခဲ့ရာမှာ ပုံမှန်ထက် ရက်သတ္တနှစ်ပတ်မှ သုံးပတ်အထိ နောက်ကျခဲ့ပါတယ်။ ဝင်ရောက်ခဲ့ရာမှာလည်း အရင်ကပုံစံအတိုင်း အင်နဲ့အားနဲ့မဟုတ်ဘဲ ဒီနှစ်မှာတော့ အားပျော့ခဲ့ပါတယ်။ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးအတွင်း မုတ်သုံလေဝင်ရောက်နိုင်ခဲ့တဲ့ ဇွန်လ ၁၅ရက်နေ့အထိ ဒီပုံစံပါပဲ။ အဲဒီကာလအထိ မြန်မာနိုင်ငံရဲ့ ပတ်ဝန်းကျင်နိုင်ငံများဖြစ်ကြတဲ့ အိန္ဒိယ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှားကအစ ဩစတြေးလျအထိ အားလုံးလိုလိုမှာတော့ အပူချိန်မြင့်တက်ပြီး ခြောက်သွေ့တဲ့၊ ပြင်းထန်တဲ့ မိုးခေါင်မှုရာသီဒဏ်ကို ခံစားနေခဲ့ကြရပါတယ်။ မြန်မာနိုင်ငံမှာလည်း အပူချိန် စံချိန်တင်အောင် မမြင့်ခဲ့ပေမယ့် အပူချိန်ဟာ အမြင့်မှာရက်ပေါင်းများစွာရှိနေခဲ့ပြီး မိုးလည်း နည်းခဲ့တာကြောင့် အပူရှိန်ဒဏ်ကို ဒီနှစ်နွေနဲ့ မိုးကြိုကာလမှာ သိသိသာသာ ခံစားခဲ့ကြရပါတယ်။

ဇွန်လ ၁၅ ရက်နေ့ နောက်ပိုင်းရောက်လာတော့ မုတ်သုံလေဟာ တစ်ရှိန်ထိုးဆိုသလို ပြောင်းလဲလာခဲ့ပါတယ်။ ဇွန်လနောက်ဆုံးအပတ်အတွင်းမှာ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းမှာ ပထမဆုံး မုတ်သုံမုန်တိုင်းတစ်ခု စဖြစ်လာပါတယ်။ မုတ်သုံလေဟာ အဲဒီကစပြီး အားကောင်းလာခဲ့ပါတယ်။ အထူးသဖြင့်ကတော့ မြန်မာနိုင်ငံရဲ့ အနောက်ဘက် တစ်နိုင်ငံကျော်မှာရှိတဲ့ အာရေဗျပင်လယ်ပြင်မှာ မုတ်သုံလေဟာ အလွန်အားကောင်းခဲ့ပါတယ်။ အာဖရိကအရှေ့မြောက်ဘက်၊ ဆိုမာလီယာနိုင်ငံ ကမ်းခြေအစပ် အထက်ပေတစ်သောင်း လောက်မှာ တွေ့ရတတ်တဲ့ ဆိုမာလီယာ ဂျက်လေစီးကြောင်းဟာ ထူးထူးခြားခြား အားကောင်းခဲ့တဲ့အတွက် အိန္ဒိယနိုင်ငံ တောင်ပိုင်းဒေသအထိ တိုးတိုးဝင်လာခဲ့တာ မကြာခဏပါပဲ။ ဒါကြောင့်လည်း အာရေဗျပင်လယ်မှာ မုတ်သုံလေဟာ မကြုံဖူးအောင် အားကောင်းခဲ့တဲ့အတွက် အိန္ဒိယနိုင်ငံ အနောက်မြောက်ဘက်ကမ်းခြေရှိ မွမ်ဘိုင်းမြို့ (ဘုံဘေမြို့)မှာ တစ်နေ့တည်း မိုးရေချိန် ၃၈လက်မကျော်အောင် ရွာသွန်းခဲ့ပြီး ရေတွေကြီး မြေတွေပြိုနဲ့ နှစ် ၅၀ ကျော်အတွင်း အဆိုးရွားဆုံး ရေကြီးမှုနဲ့ ကြုံတွေ့လိုက်ရတာ လူ ၁၀၀၀ လောက် အသက်ဆုံးရှုံးခဲ့ ရတဲ့အပြင် ပျက်စီးဆုံးရှုံးမှုအနေနဲ့လည်း အမေရိကန် ဒေါ်လာ ဘီလီယံ ၃၀ လောက် ရှိခဲ့ပါတယ်။

အဲဒီလို အာရေဗျပင်လယ်မှာ အာရေဗျမုတ်သုံ အားကောင်းနေခဲ့မှုဟာ တာဝေးဆက်နွှယ်မှု (Teleconnection) သဘောအရ ဘင်္ဂလားပင်လယ်အော်ကို ကူးစက်လာစေခဲ့ပါတယ်။ တကယ်တော့ အာရှမုတ်သုံရဲ့ လွှမ်းမိုးမှုအောက်မှာ ပင်လယ်သုံးခုရှိနေပါတယ်။ အနောက်ဘက်အကျဆုံး ကစပြီး အရှေ့ဘက်ကို အစဉ်လိုက်ကြည့်လိုက်ရင် အာရေဗျပင်လယ် (Arabian Sea)၊ ဘင်္ဂလားပင်လယ်အော် (Bay of Bengal) နဲ့ တောင်တရုတ်ပင်လယ် (South China Sea) ဆိုပြီး ရှိနေပါတယ်။ ဒီပင်လယ်သုံးခုဟာ ရာသီဥတုအရာမှာတော့ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီပါပဲ။ မိုးဦး၊ မိုးကြိုနဲ့ မိုးလယ်ကာလတွေမှာ ဘင်္ဂလားပင်လယ်အော်ဟာ အာရေဗျရဲ့ အကျိုးသက်ရောက်မှုတွေကို အများဆုံးခံစားရပါတယ်။ မိုးနှောင်းနဲ့ မိုးလွန်ကာလရောက်လာရင်တော့ ဘင်္ဂလားပင်လယ်အော်မှာ တောင်တရုတ်ပင်လယ်ရဲ့ အကျိုးသက်ရောက်မှုက ပိုအရေးပါလာတတ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ရာသီဥတုအခြေအနေဟာ စောစောက တင်ပြထားခဲ့တဲ့အတိုင်း ဇွန်လ ၁၅ ရက်နေ့အထိ မုတ်သုံအားမကောင်းခဲ့ပါဘူး၊ မုတ်သုံမုန်တိုင်းလည်း မရှိခဲ့ပါဘူး။ ဒါကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးဟာ ရွာသွန်းမြဲကိုပြည့်မီတဲ့ဒေသ အနည်းငယ်ကလွဲရင် အများအားဖြင့် ရွာသွန်းမြဲရဲ့အောက် လျော့နည်းနေခဲ့ပါတယ်။ မိုးကြိုကာလမှာ ရှမ်းပြည်နယ်နဲ့ တနင်္သာရီတိုင်းကလွဲရင် တစ်ပြည်လုံး ရွာသွန်းမြဲရဲ့ အောက်လျော့နည်းနေခဲ့ပါတယ်။ မကွေးတိုင်းလို မိုးရေချိန်တစ်လက်မမှ မရခဲ့တဲ့ တိုင်းတွေရှိခဲ့ပါတယ်။ မိုးဦးကာလမှာတော့ ရွာသွန်းမြဲကို ပြည့်မီတဲ့ဒေသအနည်းငယ်တိုးလာခဲ့ပါတယ်။ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းတွေမှာ ရွာသွန်းမြဲကို ပြည့်မီအောင် ရွာလာပါတယ်။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်းတွေမှာ မိုးဦးမိုးညံ့နေခဲ့ပါတယ်။

> **မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများအနေနဲ့ မုတ်သုံလေဆုတ်ခွာစဉ်ကာလ၊ ဘင်္ဂလားပင်လယ်အော်မုန်တိုင်းများ ဖြစ်ပေါ်စဉ်ကာလနဲ့ အရှေ့ဘက်မှ တိုင်ဖုန်းမုန်တိုင်း အကြွင်းအကျန်များ ရွေ့လာစဉ်ကာလ စတဲ့ အချိန်အခါမျိုးမှာ မိုးနှောင်းမိုးများနဲ့ မိုးလွန်မိုးများ ရွာလာစရာ ရှိပါသေးတယ်။**

မိုးလယ်ကာလဖြစ်တဲ့ ဇူလိုင်လနဲ့ ဩဂုတ်လတို့ရဲ့ ပထမလဖြစ်တဲ့ ဇူလိုင်လအတွင်းမှာတော့ စောစောကပြောခဲ့တဲ့အတိုင်း မုတ်သုံလေဟာ အာရေဗျပင်လယ်ရဲ့ ဆက်နွှယ်အကျိုးသက်ရောက်မှုကြောင့် ဘင်္ဂလားပင်လယ်အော်မှာ မျှော်လင့်တာထက် အားကောင်းခဲ့ပါတယ်။ ဒါကြောင့် ဇူလိုင်လမှာ မုတ်သုံမိုး အားကောင်းခဲ့ပါတယ်။ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်တွေမှာ မိုးကောင်းခဲ့ရာမှာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတွေမှာ ရွာသွန်းမြဲရဲ့အထက် ကျော်လွန်စေခဲ့ပါတယ်။ ဒါပေမယ့် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနဲ့ ချင်းပြည်နယ်တို့မှာ ရွာသွန်းမြဲကို မမီဘဲ လျော့နည်းနေခဲ့ပါတယ်။ စစ်ကိုင်းတိုင်း အောက်ပိုင်းမှာဆိုရင် မိုးရေချိန် တစ်လက်မခန့်သာ ရရှိခဲ့ပါတယ်။

ဩဂုတ်လ လဆန်းပိုင်းမှာ စစ်ကိုင်းတိုင်းအထက်ပိုင်း ချင်းတွင်းမြစ်ဖျားပိုင်းမှာ မိုးကောင်းနေခဲ့ပါတယ်။ ဒါကြောင့် ချင်းတွင်းမြစ်ရေဟာ ပြန်တက်လာခဲ့ပါတယ်။ ဒါပေမယ့်လည်း ခေတ္တသာဖြစ်ခဲ့ပြီး လက်ရှိမှာတော့ မိုးအားပြန်လျော့နည်းသွားတာကြောင့် ရေအတက်ပြန်နှေးနေခဲ့ပြန်ပါတယ်။ ဧရာဝတီမြစ်ရေကတော့ ပြီးခဲ့တဲ့နှစ်နဲ့ရောလွန်ခဲ့တဲ့ ၁၀နှစ် ပျမ်းမျှနဲ့ရော နှိုင်းစာပါက ဒီနှစ်ဟာ ရေအနည်းဆုံးပါပဲ။ ဒီနှစ်မှာ လက်ရှိမြစ်တွေထဲက နည်းနည်းရေကြွနေတဲ့ မြစ်ကတော့ စစ်တောင်းမြစ် တစ်ခုသာ မြင်မြင်သာသာ ရှိနေပါတယ်။

လက်ရှိဩဂုတ်လ ပထမပတ်အတွင်း ဘင်္ဂလားပင်လယ်အော်မှာ မုတ်သုံလေ အားကောင်းနေဆဲ ဖြစ်ပါတယ်။ ဒါကြောင့် ကမ်းရိုးတန်းဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများအနေနဲ့ မိုးမှန်နိုင်ပြီး ရွာသွန်းမြဲကို ပြည့်မီနိုင်ပါတယ်။ မုတ်သုံမိုးတိုက်ရိုက်ခံစားကြရတဲ့ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတွေမှာ မိုးပိုနိုင်ပါတယ်။ ဒါပေမယ့်လည်း မုတ်သုံမိုးကောင်းလေ မိုးနည်းလေဖြစ်တတ်တဲ့ မြန်မာနိုင်ငံအလယ်ပိုင်းနဲ့ မြောက်ပိုင်းဒေသတွေမှာ မိုးနည်းဖို့ အလားအလာများပါတယ်။ နောက်တစ်ချက်က မိုးဟာ မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသများနဲ့ မြေလတ်ပိုင်းဒေသများလောက်မှာသာ အများအားဖြင့် ကန့်သတ်တည်ရှိနေတဲ့အတွက် ပထမအချက်အနေနဲ့ ချင်းတွင်းမြစ်နဲ့ ဧရာဝတီမြစ်တို့ရဲ့ မြစ်ဖျားရေဝေရေလဲဒေသများအတွင်း မိုးရွာသွန်းမှု လျော့နည်းနိုင်တဲ့အတွက် ရေကြီးမှု အန္တရာယ်အနေနဲ့ကတော့ ပုံမှန်အောက် လျော့နည်းနိုင်ပါတယ်။ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများအတွင်းမှာတော့ ဆက်လက်မိုးအားလျော့နည်းနေနိုင်ပါတယ်။ ဒုတိယအချက်အနေနဲ့ကတော့ မုတ်သုံဟာ မြန်မာနိုင်ငံ မြောက်ဖျားဒေသအထိ ပျံ့ပျံ့နှံ့နှံ့ အင်ပြည့်အားပြည့်မရှိလှဘဲ လတ္တီတွဒ်အနိမ့်ပိုင်းလောက်မှာသာ တည်းတည်းကလေးရှိနေတဲ့အတွက် လက်ရှိအားကောင်းနေမှုအရှိန်လျော့နည်းသွားတာနဲ့ မုတ်သုံလေဟာ ရုတ်တရက် ဆုတ်ခွာသွားစေနိုင်ပါတယ်။ ဒါကြောင့်အနောက်တောင် မုတ်သုံလေဟာစက်တင်ဘာလဆန်းလောက်ကတည်းက မြန်မာနိုင်ငံမြောက်ဖျားကနေ စတင်ပြီး ဆုတ်ခွာသွားနိုင်ပါတယ်။

လက်ရှိအနေနဲ့ ဘင်္ဂလားပင်လယ်အော်ထဲမှာ မုန်တိုင်းဖြစ်ပေါ်မှုဟာ ပုံမှန်အောက်လျော့နည်းနေဆဲဖြစ်ပါတယ်။ လက်ရှိအထိ မိုးဦးနဲ့ မိုးလယ်ကာလအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းအတွင်း မုန်တိုင်းငယ် နှစ်ကြိမ်ဖြစ်ခဲ့ပြီးဖြစ်တယ်လို့ သတ်မှတ်ထားခဲ့ပေမယ့် တကယ်တော့ ပီပီပြင်ပြင် ထင်ထင်ရှားရှား မဟုတ်ခဲ့ပါဘူး။ ကုန်းတစ်ဝက်၊ ရေတစ်ဝက်နဲ့ တစ်ရက်ခန့်လောက်သာသက်တမ်းရှိတဲ့ မုန်တိုင်းများသာဖြစ်ပါတယ်။ ဒါကြောင့်မိုးလယ်၊ မိုးနှောင်းကာလများကုန်တဲ့အထိ ဘင်္ဂလားပင်လယ်အော်မှာ အားကောင်းတဲ့ မုန်တိုင်းကြီးတွေဖြစ်ဖို့အလားအလာ အလွန်နည်းပါတယ်။ ဒါပေမယ့် ဘင်္ဂလားပင်လယ်အော်မှာ တစ်နှစ် ပျမ်းမျှ ၁၀ ကြိမ်နဲ့ အနည်းဆုံး လေးကြိမ်လောက်တော့ မုန်တိုင်းဖြစ်တတ်တာကြောင့် လာမယ့်မိုးလွန်ကာလများဖြစ်တဲ့ အောက်တိုဘာ၊ နိုဝင်ဘာနဲ့ ဒီဇင်ဘာလများအတွင်း မုန်တိုင်း နှစ်ကြိမ်ခန့်ဖြစ်နိုင်သေးတယ်လို့ သုံးသပ်ရပါတယ်။ နောက်တစ်ချက်အနေနဲ့လည်း တောင်တရုတ် ပင်လယ်ပြင်မှာ တိုင်ဖုန်းမုန်တိုင်း ဖြစ်ပေါ်မှုဟာ ယခုနှစ်အတွင်း ၁၀ ကြိမ်ခန့်သာ ရှိနေပါသေးတယ်။ တောင်တရုတ်ပင်လယ်ပြင်မှာ တစ်နှစ်ပျမ်းမျှ မုန်တိုင်း ၂၈ ကြိမ်ဖြစ်ပေါ်တတ်တာကြောင့် နောက်ထပ်မုန်တိုင်းများဖြစ်ဖို့ အလားအလာများ ကျန်နေပါသေးတယ်။ အဲဒီမုန်တိုင်းတွေ ဖြစ်လို့ ဒီမုန်တိုင်းတွေရဲ့ အကြွင်းအကျန်များ မြန်မာနိုင်ငံဘက်ဆီကိုလာရင် မိုးပေးတတ်တာကြောင့် ဒီမိုးများဟာလည်း မိုးနှောင်းမိုး၊ မိုးလွန်မိုးများအနေနဲ့ အရေးပါနိုင်ပါတယ်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများအနေနဲ့ မုတ်သုံလေဆုတ်ခွာစဉ်ကာလ၊ ဘင်္ဂလားပင်လယ်အော်မုန်တိုင်းများ ဖြစ်ပေါ်စဉ်ကာလနဲ့ အရှေ့ဘက်မှ တိုင်ဖုန်းမုန်တိုင်း အကြွင်းအကျန်များ ရွေ့လာစဉ်ကာလ စတဲ့ အချိန်အခါမျိုးမှာ မိုးနှောင်းမိုးများနဲ့ မိုးလွန်မိုးများ ရွာလာစရာရှိပါသေးတယ်။

သဘာဝဘေးအနေနဲ့ကတော့ နှစ်စဉ် ကြုံတွေ့ရလေ့ရှိတဲ့ မြစ်ရေကြီးမှုဟာ ဒီနှစ် အလားအလာအလွန်နည်းကြောင်းတွေ့ရပါတယ်။ မုန်တိုင်းအန္တရာယ်ဖြစ်လာဖို့ အလားအလာနည်းနိုင်ပေမယ့် စောင့်ကြည့်ဖို့တော့ လိုပါလိမ့်မယ်။ အဓိကသတိထားရမယ့် အန္တရာယ်ကတော့ ပင်လယ်ပြင်ခရီးပဲ ဖြစ်ပါလိမ့်မယ်။ မုတ်သုံလေ ထူးထူးခြားခြား အားကောင်းနေမှုကြောင့် ပင်လယ်ရေလှိုင်းကြီးမားဖို့နဲ့ လေပြင်းအန္တရာယ် ကြုံတွေ့ဖို့ အလားအလာများနေပါတယ်။ လျှပ်တစ်ပြက်ရေကြီးမှု အနေနဲ့ကတော့ တောင်ကျချောင်းရေများ ကျရောက်တတ်တဲ့ ဒေသများ၊ မြေပြိုကျမှု ဖြစ်တတ်တဲ့ ဒေသများမှာ မိုးအားမကောင်းနိုင်တာကြောင့် အဲဒီအန္တရာယ်များ လျော့နည်းဖွယ်ရာ ရှိပါကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

တာမွေမြို့နယ် မလွှကုန်းဌေးကြွယ် (က)ရပ်ကွက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ဩဂုတ် ၉ ရက်က ကျင်းပရာ ပြည်တွင်း၊ ပြည်ပ သာသနာပြုကျေးရူးတော်ရှင် ဘဒ္ဒန္တ အရိယဝံသ အလိုတော်ပြည့် ဆရာတော်ကြီးနှင့် ပင့်သံဃာ ၁၀ ပါးတို့အား ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှခိုင်နှင့် အလှူရှင်များ ဝါဆိုသင်္ကန်းဆက်ကပ်ပြီး တရားနာယူကြစဉ်။ (က–ပ)

လျှင်ဒဏ်ခံ ဒီဇိုင်းသတ်မှတ်ချက်စံများ စာတမ်းဖတ်ကြားမည်

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ပညာရပ်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က ကြီးမှူးကျင်းပမည့် လျှင်ဒဏ်ခံဒီဇိုင်းသတ်မှတ်ချက် စံများဆိုင်ရာ စာတမ်းဖတ်ပွဲကို ဩဂုတ် ၁၃ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ MICT Park ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်နည်းပညာတက္ကသိုလ် သတ္တုတူးဖော်ရေးအင်ဂျင်နီယာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာယုမောင်က မြန်မာနိုင်ငံတွင် လျှင်ဒဏ်ခံဒီဇိုင်းသတ်မှတ်ချက်စံများတိုးတက်ဖွံ့ဖြိုးရေး (Development of Earthquake Resistant Design Code in Myanmar) ဟူသော ခေါင်းစဉ်ဖြင့်စာတမ်းဖတ်ကြားမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ တက်ရောက်နားထောင် ဆွေးနွေးနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

ဒို့တာဝန်အရေး (၃)ပါးကို ခံယူ၍ ဦးတည်ချက် (၁၂)ရပ် အတိုင်း ဖွံ့ဖြိုးတိုးတက်ရေးကို အကြားအလပ်မကျန် အရှိန်အဟုန်မြှင့်ဆောင်ရွက်နေ

➩ ရှေ့ဖုံးမှ

အမျိုးသားရေးတာဝန်ကို ထမ်းဆောင်မည့် မျိုးဆက်သစ်လူငယ်များနှင့် ဖွဲ့စည်းဖြစ်ပေါ်ခဲ့သည့် အသင်းကြီးသည် စတင်ဖွဲ့စည်းစဉ်ကစပြီး စည်းရုံးရေး၊စီမံရေး၊ ဖွဲ့စည်းရေးနှင့် ပြည်သူ့အကျိုးစီးပွားကို ဦးစားပေးဆောင်ရွက်ရင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် စဉ်တိုက်ဆက်တိုက် လေ့ကျင့်ပျိုးထောင်ပေးနေကြောင်း။

နိုင်ငံ့သားကောင်းအရည်အသွေးနှင့် အမျိုးသားရေးစွမ်းရည် မြင့်မားရေးအတွက်ယုံကြည်ချက် ခံယူချက်မြင့်မားရေး၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ဖွံ့ဖြိုးရေး၊အမျိုးသားရေးစရိုက်လက္ခဏာများထိန်းသိမ်းရေး၊ လေ့ကျင့်ပျိုးထောင်ပေးပြီး ကျွမ်းကျင်မှုဆိုင်ရာအရည်အသွေး တိုးတက်ရေးအတွက် အတတ်ပညာ၊နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာများဆွေးနွေးပို့ချပျိုးထောင်ပေးခဲ့ကြောင်း၊ အနာဂတ်နိုင်ငံတော်အတွက် ပုံဖော်လမ်းခင်းပေးနေခြင်းပင်ဖြစ်ကြောင်း။

ပြုစုပျိုးထောင်မှု

ယခုဖွင့်လှစ်သည့် မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းသည်လည်း ပြုစုပျိုးထောင်မှုထဲက တစ်ခုဖြစ်ကြောင်း၊ ပညာရည်မြင့်မားသည့် အသင်းဝင် မျိုးဆက်သစ်လူငယ်များကို နိုင်ငံတော်နှင့်အသင်းကြီးက အားထားရသောအမျိုးသားရေး အင်အားစုတစ်ရပ်အဖြစ် စုစည်းပျိုးထောင် လေ့ကျင့်ပေးခြင်းဖြစ်ကြောင်း။

သင်တန်းမှာ အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများ၊ နိုင်ငံတကာရေးရာဘာသာရပ်များကို ဆွေးနွေးပို့ချမှာဖြစ်ကြောင်း၊ နိုင်ငံတော်ကဏ္ဍ၊ အပြည်ပြည်ဆိုင်ရာကဏ္ဍနှင့် နိုင်ငံတကာဆက်ဆံရေးများကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆက်စပ်၊ ဘဝအတွေ့အကြုံနှင့် ဆန်းစစ်ပြီး နိုင်ငံတော်၏ ပကတိအရှိတရား၊ ပြည်တွင်းရေးဝင်ရောက်စွက်ဖက်မှုများ၏ အကြောင်းတရားများကို သုံးသပ်လေ့လာကြရန်ဖြစ်ကြောင်း။

မြန်မာ့ရေးရာကို ကြည့်လျှင် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်ကာလ၊ ကိုလိုနီလက်အောက်ကာလ၊ လွတ်လပ်ရေးရရှိပြီးကာလနှင့် မျက်မှောက်ကာလလေးခု ခွဲခြားလေ့လာရမှာဖြစ်ကြောင်း။

သမိုင်းသင်ခန်းစာ

ပထမကာလမှာ နှစ်ပေါင်းရာထောင်ချီပြီး လွတ်လပ်သည့်အချုပ်အခြာ အာဏာပိုင်နိုင်ငံတော်အဖြစ် ရပ်တည်ခဲ့ကြောင်း၊ စည်းလုံးညီညွတ်မှုအားကောင်းပြီး စွမ်းရည်စွမ်းအား ခိုင်မာတောင့်တင်းသည့်ကာလများတွင် ပုဂံခေတ် ပထမမြန်မာနိုင်ငံတော်၊ တောင်ငူခေတ် ဒုတိယမြန်မာနိုင်ငံတော်၊ ကုန်းဘောင်ခေတ်တတိယမြန်မာနိုင်ငံတော်အဖြစ် ထည်ဝါစွာရပ်တည်နိုင်ခဲ့ကြောင်း၊ ဒုတိယကာလမှာ နယ်ချဲ့ကျူးကျော်စစ်သုံးကြိမ်ကြောင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရကြောင်း၊ ကိုလိုနီခေတ် နှစ်ပေါင်း ၁၀၀ ကျော်ဖိနှိပ်မှု၊ သွေးစုပ်မှုများကြောင့် လွတ်လပ်ရေးနှင့်အတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံသားအခွင့်အရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများနှင့် လူနေမှုဘဝ နိမ့်ကျဆုံးရှုံးခဲ့ရကြောင်း၊ လွတ်လပ်ရေးမှာ ရက်အနည်းငယ်အတွင်း လျှပ်တစ်ပြက်ဖြတ်ခနဲဆုံးရှုံးခဲ့သော်လည်း ပြန်လည်ရရှိရန်အတွက် အသက်သွေးချွေးများစွာရင်းပြီး နှစ်ပေါင်းများစွာ ကြိုးပမ်းအားထုတ်ခဲ့ရကြောင်း၊ အတိတ်၏ ခါးသီးသည့် သမိုင်းသင်ခန်းစာများပင်ဖြစ်ကြောင်း။

တတိယကာလမှာ တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်သည့်အား၊ သူ့ကျွန်မခံလိုသည့်စိတ်၊ ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့၍ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ရရှိခဲ့ကြောင်း၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် နိုင်ငံတော်အတွက် ပင်မအကျဆုံးဘိုးဘွားအမွေအနှစ်ဖြစ်ကြောင်း၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးသည် နိုင်ငံသားတိုင်း မျိုးဆက်သစ်တစ်ခုပြီးတစ်ခုလက်ဆင့်ကမ်း ကာကွယ်စောင့်ရှောက်ရမည့်အမျိုးသားရေးတာဝန်ဖြစ်ကြောင်း၊ လွတ်လပ်ရေးကို မြတ်နိုးတွယ်တာစိတ်၊ ပြည်ထောင်စုကို ကာကွယ်တည်ဆောက်လိုစိတ် ရှင်သန်ထက်မြက်နေပြီး ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ ခိုင်မြဲရေးကို စောင့်ထိန်းကာကွယ်တည်ဆောက်ရမှာဖြစ်ကြောင်း။

နေးကွေးနောက်ကျ

လွတ်လပ်ရေးရပြီးစကာလတွင် ကိုလိုနီနယ်ချဲ့၏ ဆိုးမွေ၊ သွေးခွဲမှု၊ လူနေမှုဘဝ ချွတ်ခြုံကျမှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် စိတ်ဝမ်းကွဲမှုများ၊ မညီမညွတ်မှု၊ဆူပူအကြမ်းဖက်သောင်းကျန်းမှုများကြောင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ လုံခြုံရေးလျော့နည်းအားနည်းခဲ့ကြောင်း၊ နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေးနှင့် ပြည်သူများ၏ လူနေမှုဘဝ နိမ့်ကျခဲ့ပြီးဖွံ့ဖြိုးတိုးတက်မှုများလည်း နှေးကွေးနောက်ကျခဲ့ရကြောင်း။

စတုတ္ထကာလမှာ တပ်မတော်က နိုင်ငံတော်တာဝန်ကို ရယူပြီးချိန် အေးချမ်းတည်ငြိမ်ရေး၊ တရားဥပဒေ စိုးမိုးရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသည့် မျက်မှောက်ကာလဖြစ်ကြောင်း။

> ☆ **နိုင်ငံတော် အေးချမ်းတည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးသည် နိုင်ငံတော်နှင့် မျိုးဆက်ပေါင်း များစွာတို့၏ သမိုင်းဖြစ်။**
>
> ☆ **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေး(၃)ပါးသည် ပြည်ထောင်စုစိတ်ဓာတ်၏ အခြေခံအုတ်မြစ်ဖြစ်။**
>
> ☆ **ဒို့တာဝန်အရေး(၃)ပါးအပေါ် ယုံကြည်ချက် ခံယူချက်ရှိသူများကသာ နိုင်ငံသမိုင်းကို တိုးတက်အောင် ဖန်တီးနိုင်၊ ပြည်ထောင်စုကို ကာကွယ်နိုင်မှာဖြစ်။**
>
> ☆ **နက်ရှိုင်း မြင့်မြတ်သည့် နိုင်ငံရေးခံယူချက် ရှိသူများကသာ နိုင်ငံတော်ကို အမှန်တကယ်တိုးတက်အောင် ဖန်တီး ဆောင်ရွက်နိုင်မှာဖြစ်။**

နိုင်ငံတော်၏ ပကတိအခြေအနေနှင့် ကိုက်ညီသည့်မူဝါဒ၊ လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ အေးချမ်းတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ ဒို့တာဝန်အရေး(၃)ပါးကို ခံယူ၍ ဦးတည်ချက်(၁၂)ရပ်အတိုင်း ဖွံ့ဖြိုးတိုးတက်ရေးများကို အကြားအလပ်မကျန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

နိုင်ငံရေးတည်ငြိမ်မှု၊ ငြိမ်းချမ်းမှုမှသည် ပြည်သူများ၏ အခြေခံလိုအပ်ချက်အထိ များပြားကျယ်ဝန်းသည့် လုပ်ငန်းစဉ်များကို ပြည်တွင်းစွမ်းအားဖြင့် နေ့မအား ညမနား တည်ဆောက်နေကြောင်း၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအခြေခံမူအတိုင်း နိုင်ငံတစ်ဝန်းလုံးညီမျှသည့် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုဆောင်ရွက်နေကြောင်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုနှင့် ကျေးလက်ဒေသများတွင် စီမံကိန်းများ၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေကြောင်း၊ အစိုးရ၊ ပြည်သူ၊ တပ်မတော် လက်တွဲညီညီ ပူးပေါင်းပြီး အတိတ်၏ ဆိုးမွေကြောင့်တင်ရှိနေသည့် ခေတ်နောက်ကျမှုအကြွေးကို ပေးဆပ်နေခြင်းနှင့် အနာဂတ်နိုင်ငံတော်အတွက် ရင်းနှီးမြှုပ်နှံနေခြင်းဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်အတွက် အခြေခံအဆောက်အအုံကောင်းဖော်ဆောင်၊ အမွေခံမျိုးဆက်ကောင်းများ ပြုစုပျိုးထောင်နေခြင်းဖြစ်ကြောင်း။

ယုံကြည်ချက်၊ခံယူချက်

နိုင်ငံတော် အေးချမ်းတည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးသည် နိုင်ငံတော်နှင့် မျိုးဆက်ပေါင်းများစွာတို့၏သမိုင်းဖြစ်ကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေး(၃)ပါးသည် ပြည်ထောင်စုစိတ်ဓာတ်၏ အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေး(၃)ပါးအပေါ် ယုံကြည်ချက်၊ ခံယူချက်ရှိသူများကသာ နိုင်ငံသမိုင်းကို တိုးတက်အောင် ဖန်တီးနိုင်၊ ပြည်ထောင်စုကိုကာကွယ်နိုင်မှာဖြစ်ကြောင်း၊ နက်ရှိုင်းမြင့်မြတ်သည့် နိုင်ငံရေးခံယူချက် ရှိသူများကသာ နိုင်ငံတော်ကို အမှန်တကယ် တိုးတက်အောင်ဖန်တီးဆောင်ရွက်နိုင်မှာ ဖြစ်ကြောင်း။

မှန်ကန်သည့်ယုံကြည်ချက်ရှိသူသာ မှန်ကန်သည့်ခံယူချက်ရှိသူဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း ဒို့တာဝန်အရေး(၃)ပါးကိုခံယူပြီး ပြည်ထောင်စုစိတ်ဓာတ်၊ အေးချမ်းတည်ငြိမ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်၊ တည်ဆောက်ရေးစိတ်ဓာတ်တို့ဖြင့် နိုင်ငံတော်ကို တည်ထောင်ကြရမှာဖြစ်ကြောင်း။

လေ့လာဆည်းပူး

ကမ္ဘာ့ဖြစ်စဉ်များသည် ပတ်သက်ဆက်နွှယ်ပြောင်းလဲ ဖြစ်ပေါ်နေခြင်းကြောင့် ပြည်တွင်းရေး ပကတိအခြေအနေ၊ အစစ်အမှန်တရားကိုနားလည်သကဲ့သို့ အပြည်ပြည်ဆိုင်ရာနှင့် နိုင်ငံတကာဆက်ဆံရေးကို နှံ့စပ်သိမြင်အောင် လေ့လာဆည်းပူးကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်သည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်ဖြစ်သည့်–

- **တစ်နိုင်ငံ၏ နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို တစ်နိုင်ငံက လေးစားရေး၊**
- **တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှု မပြုရေး၊**
- **တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများမှာ ဝင်ရောက်စွက်ဖက်ခြင်းမပြုရေး၊**
- **တစ်နိုင်ငံနှင့်တစ်နိုင်ငံ တန်းတူရည်တူမှုရှိရေးနှင့် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းရေး၊**
- **ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး**

မူများကို လက်ခံကျင့်သုံးလျက်ရှိကြောင်း၊ ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများ၊ အာဆီယံ၊ ဘင်းမ်စတက်၊ GMS အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရမှာဖြစ်ကြောင်း။

ဒို့တာဝန်အရေး(၃)ပါးနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဦးတည်ချက်(၁၂)ရပ်သည် အမျိုးသားရေးမူဝါဒနှင့် ကျင့်စဉ်များပင်ဖြစ်ကြောင်း၊ ယင်းမူဝါဒနှင့် ကျင့်စဉ်အတိုင်း အစိုးရ၊ ပြည်သူ၊ တပ်မတော်လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့၍ အေးချမ်းတည်ငြိမ်မှုနှင့် စည်းလုံးညီညွတ်ရေးများရရှိပြီး အမျိုးသားစီးပွားရေးဘဝနှင့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ဖြစ်ပေါ်ခဲ့ကြောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်အဖြစ် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➩

ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်၊ ဖိအားပေး၊ အကျပ်ကိုင်နေမှုများ နိုင်ငံတကာကျင့်ဝတ်၊ သိက္ခာများနှင့် မကိုက်ညီသည့် ပြုမှုလုပ်ဆောင်မှုများဖြစ်

➪ စာမျက်နှာ ၆ မှ

နိုင်ငံတော်၏မှန်ကန်သည့် ဦးဆောင်မှုအောက်တွင် ခံယူချက်၊ ယုံကြည်ချက်မြင့်မားသည့် မျိုးဆက်သစ်လူငယ်များ၏ တာဝန်သိမှု၊ တာဝန်ရှိမှု၊ အမျိုးသားရေးသစ္စာရှိမှုတို့ဖြင့် ပါဝင် ဆောင်ရွက်နေကြောင်း။

ပူးပေါင်းဆောင်ရွက်နေ

သမိုင်းပေးအမျိုးသားရေးတာဝန်များကို ထမ်းဆောင်ရန် မွန်မြတ်မှန်ကန်သည့် ရည်ရွယ်ချက်နှင့် ဖွဲ့စည်းဖြစ်ပေါ်လာသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးသည် ပြည်ထောင်စုကြီးကို ကာကွယ်နိုင်စွမ်းရှိသည့်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နိုင်စွမ်းရှိသည့် အမျိုးသားရေးအင်အားစုကြီးအဖြစ် အစိုးရ၊ ပြည်သူ၊ တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း။

မကြာခင်က ပြည်နယ်၊တိုင်းများမှာ ကျင်းပခဲ့သည့် **"ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"** လူထုအစည်းအဝေးပွဲများတွင် လူမှုရေးအသင်းအဖွဲ့ကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြချက်များသည် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်သူ့အကျိုးစီးပွားကို တာဝန်ယူလိုသည့်ခံယူချက်၊ တိုင်းကျိုးပြည်ပြု တည်ဆောက်လိုမှုများနှင့် ပြည်တွင်းပြည်ပအဖျက်သမားများကို ပြတ်ပြတ်သားသား တွန်းလှန်မည်ဆိုသည့် သန္နိဋ္ဌာန်စိတ်ဆန္ဒပြင်းပြမှုများကို တွေ့ရကြောင်း။

နိုင်ငံတော်ကြီးတိုးတက်ဖြစ်ထွန်းရန် တည်ဆောက်ကြမည့် ပြည်သူ့အကျိုးစီးပွားကို တာဝန်ယူလိုသည့် အမျိုးသားရေးအင်အားစုကြီး၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ၏ ပြင်းပြတဲ့စိတ်ဓာတ် စွမ်းအား၊ စုစည်းညီညွတ်မှုသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ဖော်ဆောင်နိုင်မှာဖြစ်ကြောင်း။

ပြည်တွင်းရေးစွက်ဖက်

နိုင်ငံအချို့နှင့် ပြည်တွင်းပြည်ပအဖျက်သမားလက်တစ်ဆုပ်စာက လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် အခြားအကြောင်းပြချက်များဖြင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်၊ ဖိအားပေး၊ အကျပ်ကိုင် လုပ်ဆောင်နေမှုများ မြင်တွေ့နေရပါကြောင်း၊ နိုင်ငံတကာကျင့်ဝတ်၊ သိက္ခာများနှင့် မကိုက်ညီသည့် ပြုမှုလုပ်ဆောင်မှုများဖြစ်ကြောင်း။

အစဉ်အလာကြီးမား

ယင်းတို့မှာ မိမိနိုင်ငံနှင့် လူမျိုး၏ သမိုင်းအစဉ်အလာကြီးမားသည့် ကိုယ်ပိုင်အမျိုးသားစရိုက်လက္ခဏာ၊ ယဉ်ကျေးမှု၊ အမျိုးသားရေးရပ်တည်ချက်ကို ထိပါးသည့် စွက်ဖက်နှောင့်ယှက်မှုများဖြစ်ကြောင်း။

အေးချမ်းသာယာပြီး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးကို ဟန့်တားနှောင့်ယှက်မှုမှန်သမျှ၊ ဒို့တာဝန်အရေး(၃)ပါးကို ထိပါးမှုမှန်သမျှ ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အား၊ ပြည်သူ့သဘောထား (၄)ရပ်ဖြင့် တွန်းလှန်ဖယ်ရှား ကာကွယ်သွားရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ–

- **ဒို့တာဝန်အရေး(၃)ပါးကို ခံယူ၍ ဦးတည်ချက်(၁၂)ရပ်အတိုင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံအဖြစ် အကောင်အထည်ဖော်သွားကြပါ၊**
- **ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်ထွန်းကားရေးဆောင်ရွက်ပြီး အေးချမ်းတည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်ကြပါ၊**
- **ပြည်တွင်းပြည်ပ အဖျက်သမားများကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှု အင်အားဖြင့် ကာကွယ်ကြပါ၊ အသင်းကြီး၏ ဦးတည်ချက်၊ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေး ဆောင်ရွက်ကြပါ**

ဟု ပြောကြားသွားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

၂၀၀၆–၂၀၀၇ ပညာသင်နှစ်အတွက် လိုအပ်သောကျောင်းသုံးဖတ်စာအုပ်များ အချိန်မီရရှိရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက ရိုက်နှိပ်ပေးသွားမည်

ရန်ကုန် ဩဂုတ် ၁၁

၂၀၀၆–၂၀၀၇ ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၀၅)ကို ယနေ့ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျောင်းသုံးဖတ်စာအုပ်များရိုက်နှိပ်ဖြန့်ချိရေး ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ကျောင်းသုံးဖတ်စာအုပ် ရိုက်နှိပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ကျောင်းသုံးဖတ်စာအုပ်ဖြန့်ချိရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်း၊ ကျောင်းသုံးဖတ်စာအုပ်များရိုက်နှိပ်ဖြန့်ချိရေးကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အချိန်မီရရှိရေး

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကျောင်းသုံးဖတ်စာအုပ်များရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာ၌ ကျောင်းသုံးဖတ်စာအုပ်များကို မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနက ရိုက်နှိပ်ပေးလျက်ရှိကြောင်း၊ ၂၀၀၆–၂၀၀၇ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာနက ညှိနှိုင်းလာသည့် လိုအပ်သော ကျောင်းသုံးဖတ်စာအုပ်များ အချိန်မီ ရရှိရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဆက်လက်ရိုက်နှိပ်ပေးသွားမှာဖြစ်ကြောင်း။

ဖြန့်ဝေပေး

ကျောင်းသုံးဖတ်စာအုပ်များ ပုံနှိပ်ထုတ်လုပ်သည်မှ ကျောင်းသားများ၏ လက်ဝယ်သို့ ရောက်ရှိရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများက အဆင်ပြေစွာ ညှိနှိုင်း၍ ရိုက်နှိပ်ဖြန့်ဝေပေးလျက်ရှိကြောင်း။

ကြပ်မတ်စစ်ဆေး

ပြီးခဲ့သည့် စာသင်နှစ်တွင် ကျောင်းသားများသို့ ဖြန့်ဖြူးပြီး လက်ကျန်စာအုပ်များကို သက်ဆိုင်ရာ ပညာရေးဂိုဒေါင်များတွင် လာမည့်ပညာသင်နှစ်ရောင်းချနိုင်ရေး သိမ်းဆည်းရာ၌ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးမှုမရှိအောင် ထိန်းသိမ်းရေးကို တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

ဈေးနှုန်းမှန်ကန်စွာ

ကျောင်းသုံး ဖတ်စာအုပ်များကို သတ်မှတ်ထားသည့် ၂၀၀၆ ခုနှစ် မတ်လအပြီးရိုက်နှိပ်နိုင်ရေး လစဉ်လျာထားချက်ချထားပြီး လျာထားချက်အတိုင်း ပြီးစီးအောင် ရိုက်နှိပ်ရေးနှင့် လာမည့်နှစ်ကျောင်းဖွင့်အမီ ကျောင်းသား၊ ကျောင်းသူများထံ ကျောင်းသုံးဖတ်စာအုပ်များ ဈေးနှုန်းမှန်ကန်စွာ ဖြင့်ရောက်ရှိရေး ညှိနှိုင်းဆွေးနွေးဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီအတွင်းရေးမှူး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်ငြိမ်းက ၁၆–၅–၂၀၀၅ ရက်တွင် ကျင်းပခဲ့သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၁/၂၀၀၅ မှတ်တမ်းဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ပြီးစီးမှုများတင်ပြသည်။

စီစဉ်ဆောင်ရွက်

ဆက်လက်၍ ကျောင်းသုံးဖတ်စာအုပ် ရိုက်နှိပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ပညာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ညှိနှိုင်းထားသည့် ၂၀၀၆–၂၀၀၇တွင် ရိုက်နှိပ်ရမည့် ကျောင်းသုံးဖတ်စာအုပ် အရေအတွက်၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ရန်ကုန်၊ မန္တလေးမှ ပုံနှိပ်စက်များတွင် ကျောင်းသုံးဖတ်စာအုပ်များ ခွဲခြားရိုက်နှိပ်ရန် စီစဉ်လျာထားမှု၊ စက္ကူနှင့် ပုံနှိပ်မင် လိုအပ်ချက်များကိုလည်းကောင်း၊ ကျောင်းသုံးဖတ်စာအုပ်ဖြန့်ချိရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်းက ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့်ပညာရေးဝန်ကြီးဌာနတို့ ညှိနှိုင်း၍ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိခဲ့မှု၊ ၂၀၀၆–၂၀၀၇ ပညာသင်နှစ်တွင် တက်ရောက်မည့် ခန့်မှန်းကျောင်းသား ကျောင်းသူဦးရေနှင့် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ရန်လိုအပ်မည့် အရေအတွက်၊ ကျောင်းသား၊ကျောင်းသူများ လက်ဝယ်သို့ ကျောင်းသုံးဖတ်စာအုပ်များ ပညာသင်နှစ် ကျောင်းဖွင့်အမီ ဖြန့်ဖြူးနိုင်ရေးနှင့် ကျောင်းသုံးဖတ်စာအုပ် လက်ကျန်များများမရှိစေဘဲ လိုအပ်သည့် အရေအတွက်သာဖြစ်ရေး စီစဉ်ဆောင်ရွက်ထားမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ဆပ်ကော်မတီဝင် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက်ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ၊ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၆–၂၀၀၇ ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၀၅)တွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် တောင်ကုတ်မြို့တွင် အီလက်ထရောနစ် စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အီလက်ထရောနစ် စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၉ရက်တွင် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းဝေ၊ အလှူရှင် ဦးကျောက်တောင် မိသားစုနှင့် ဦးမြင့်သောင်း မိသားစုတို့က ဖဲကြိုးဖြတ်၍ အီလက်ထရောနစ်စာကြည့်တိုက် ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးမြတ်လင်းက အမှာစကားပြောကြားပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး သိန်းလှိုင်က စက်ခလုတ်နှိပ်၍ အီလက်ထရောနစ် စာကြည့်တိုက်ကို ဖွင့်လှစ်ပေးသည်။ (သတင်းစဉ်)

ကိုလိုနီလက်သစ်နိုင်ငံကြီးအချို့နှင့် အပေါင်းပါများက ပြည်တွင်းပုဆိန်ရိုးများနှင့် ပူးပေါင်းကာ မိမိတို့နိုင်ငံကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံက ထိုးနှက်လာ

● **ကျောဖုံးမှ**

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးငွန်ဆန်းအောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရှယ်ဂျာ၊ ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်ဝံသာနုရက္ခိတတရား လက်ကိုင်ထားပြီး ဥမကွဲသိုက်မပျက် စုစည်းနေလာခဲ့ကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ကိုလိုနီနယ်ချဲ့လက်အောက်ကို ကျရောက်ခဲ့သောနှစ်ပေါင်း ၁၀၀ကျော်ကာလတွင် နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှု ဒဏ်ကို ခံခဲ့ရတာကြောင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း၌ တိုင်းရင်းသားအချင်းချင်း အချို့သော အစိတ်အပိုင်းများတွင် သံသယစိတ်ဝင်ပြီး နှစ်ပေါင်း ၄၀ကျော် လက်နက်ကိုင်မရှုဆိတ်သည့် ကိုလိုနီလက်သစ် နိုင်ငံကြီးအချို့နှင့် အပေါင်းပါများက ပြည်တွင်းသစ္စာဖောက် ပုဆိန်ရိုးများနှင့်ပူးပေါင်းကာ မိမိတို့နိုင်ငံကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘက်ပေါင်းစုံက ထိုးနှက်လာခဲ့ကြကြောင်း၊ အမျိုးမျိုးသော လုပ်ကြံစွပ်စွဲမှုများဖြင့် နိုင်ငံတော်၏ ပုံရိပ်ကို နိုင်ငံတကာအလယ်တွင် မှေးမှိန်အောင် လုပ်ဆောင်နေကြသည်ကိုလည်း မြင်တွေ့ကြရမည်ဖြစ်ကြောင်း။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လက်တွေ့ကျသည့် စီမံကိန်းများ ချမှတ်လုပ်ဆောင်သွားမည်သာဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်အောင်မြင်မှုများ တစ်ဆင့်ပြီးတစ်ဆင့် ရရှိလာနိုင်စေရန်အတွက် ကြိုးတွေ့နေသည့် ပြည်တွင်းပြည်ပ

အတွင်းရေးမှူး ဒေါ်မေရီ၊ ချင်းပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးအောင်ဆန်းဦး(အငြိမ်းစား)၊ ဟားခါးမြို့နယ် ကြက်ခြေနီအသင်းတပ်ခွဲမှူး ဦးသိမ်းမောင်၊ အရန်မီးသတ်တပ်ရင်းမှူး ဦးမောင်မောင်နှင့် ရပ်မိရပ်ဖ ကိုယ်စားလှယ် ဦးဟရမ်ကျဲအိုးတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်တီာလ်လဲင်ပါရ်နှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် အသင်းဝင် ဒေါ်စီစီလျာတို့က ဆောင်ရွက်ကြသည်။

အစီအစဉ်အရ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များ၊ လူထုအစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းရင်းသားပြည်သူများက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။

အဖွင့်အမှာစကားပြောကြား

ယင်းနောက် သဘာပတိ ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးငွန်ဆန်းအောင်က အဖွင့်အမှာစကား ပြောကြားရာတွင် နှစ်ပေါင်းထောင်ချီပြီး အစွန့်ရှည်တည်တံ့လာသည့် မြန်မာ့သမိုင်းကြောင်းကိုကြည့်လျှင် မိမိတို့ မြန်မာတိုင်းရင်းသားများသည် အေးအတူပူအမျှ မိသားစုစိတ်ဓာတ်နှင့်

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်တီာလ်လဲင်ပါရ်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်စီစီလျာတို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

သောင်းကျန်းမှုများ ဖြစ်ပွားခဲ့ရကြောင်း၊ ၁၉၈၈ခုနှစ်တွင် တပ်မတော်က နိုင်ငံတော်တာဝန်ကို ယူချိန်မှစပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဆိုသည့် ဒို့တာဝန်အရေး(၃)ပါးကို အမျိုးသားရေးဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

နိုင်ငံတော်ကို နှစ်ကာလကြာရှည်စွာ လက်နက်ကိုင်လမ်းစဉ်ဖြင့် ဆန့်ကျင်ခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့သည် တပ်မတော်၏ မွန်မြတ်မှန်ကန်သော မူဝါဒနှင့် စေတနာဖြူစင်သည့် ဆောင်ရွက်မှုများကြောင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီး နိုင်ငံတော်၊ တပ်မတော်တို့နှင့်လက်တွဲကာ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် ဆောင်ရွက်လျက်ရှိသည်ကို အားလုံး မျက်မြင်ကိုယ်တွေ့ပင်ဖြစ်ကြောင်း။

ငြိမ်းချမ်းရေးရလဒ်

အလားတူပင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းလေးများကလည်း ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး ဒေသအေးချမ်းတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးများကို ဒေသခံ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်နေကြသည်မှာ မျက်မှောက်ကာလ၏ မကြုံစဖူး ထူးကဲသော ငြိမ်းချမ်းရေးကြိုးပမ်းမှု ရလဒ်များပင်ဖြစ်ကြောင်း။

မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လူဦးရေ ၅၄သန်းခန့်ရှိပြီး အလယ်အလတ်တန်း နိုင်ငံကြီးအဆင့် အကျယ်အဝန်းရှိကြောင်း၊ ကိုယ်ပိုင်မြစ်ချောင်း၊ ပင်လယ်ကမ်းရိုးတန်းများအပါအဝင် ရေသယံဇာတ၊ မြေသယံဇာတများ ပေါကြွယ်လှကြောင်း၊ ယင်းကဲ့သို့ အခြေခံကောင်းများရှိပါလျက်နှင့် ဖွံ့ဖြိုးမှုနောက်ကျခြင်းသည် မိမိတင်ပြခဲ့သည့် ကိုလိုနီနယ်ချဲ့ဆိုးမွေဖြစ်သော ပြည်တွင်းငြိမ်းချမ်းမှု မရရှိခဲ့ခြင်းကြောင့်ပင်ဖြစ်ကြောင်း၊ မိမိတို့တိုင်းရင်းသားများ ညီညီညွတ်ညွတ်လက်တွဲပြီး သယံဇာတအရင်းအမြစ်များကို စနစ်တကျ အကျိုးရှိရှိ နိုင်ငံတော်တည်ဆောက်ရေးအတွက် သုံးစွဲကြိုးပမ်းလိုက်မည်ဆိုလျှင် ဆယ်စုနှစ်တစ်စု၊ နှစ်စုအတွင်းမှာပင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများအဆင့်ကို ရောက်ရှိသွားမည်ဖြစ်ကြောင်း၊ တပ်မတော်အစိုးရအနေဖြင့် ယင်းအခြေအနေများကို ကြိုတင်မြော်တွေးပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အလေးအနက်ထား တည်ဆောက်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

သို့ရာတွင် ယခုကဲ့သို့ အခြေခံကောင်းများရရှိပြီး အမျိုးသားရေးလမ်းကြောင်းပေါ်၌ ငြိမ်းငြိမ်းချမ်းချမ်း ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းနေသည်ကို မလိုလား တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဆိုသည့် စကားပုံအတိုင်းပင် ကိုလိုနီ နယ်ချဲ့လက်သစ်ဝါဒီများက ဖိအားမျိုးစုံပေးပြီး နိုင်ငံတော်၏ ပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်း စွက်ဖက်စော်ကားလာနေသည့် ယခုအချိန်တွင် လက်ပါးစေ ပြည်တွင်းသစ္စာဖောက် ပုဆိန်ရိုးများကလည်း တစ်စခန်းထလာခဲ့ကြပြန်ကြောင်း၊ ပြည်တွင်းသစ္စာဖောက်များက မြန်မာနိုင်ငံအတွင်းသို့ ပြည်ပရင်းနှီးမြှုပ်နှံမှုများ မဝင်လာအောင်နှင့် ရှိပြီးသားရင်းနှီးမြှုပ်နှံထားသူများ ပြန်ထွက်သွားအောင် ဖိအားမျိုးစုံပေးကြရန်၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် နိုင်ငံတကာ အထောက်အပံ့များ မပေးအောင် ပိတ်ဆို့ကြရန်၊ နိုင်ငံတကာနှင့် မြန်မာကုန်သွယ်မှုမရှိအောင် ဝိုင်းဝန်းတားဆီးပိတ်ဆို့ကြရန်၊ မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ မလာရောက်အောင် ဝါဒဖြန့်တားဆီးရန် စသည့် သံကုန်ဟစ်ကာ နိုင်ငံတော်နှင့် လူထုအကျိုးစီးပွားပျက်ပြားအောင် လုပ်ဆောင်နေကြပြန်ကြောင်း။

မိမိတင်ပြခဲ့သည့် ပြည်တွင်းပြည်ပ အဖျက်သမားအန္တရာယ် မည်မျှပင် ကြီးမားကြုံတွေ့ပါစေ၊ မည်သည့်အခက်အခဲနှင့် အကျပ်အတည်းများ ရင်ဆိုင်ရပါစေ၊ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်တွန်းလှန်သွားကြပါစို့ဟု တိုက်တွန်းပါကြောင်း စသည်ဖြင့် ပြောကြားသည်။

လူထုကိုပစ်မှတ်ထား

ဆက်လက်၍ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ် ဒေါ်မန်ဒင်းက **"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"** နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် အဖျက်သမား ပုဆိန်ရိုးအုပ်စုများထဲ၌ ABSDF အဖွဲ့သည်နိုင်ငံ၏ အရှေ့ဘက်နယ်စပ်တစ်လျှောက်ခိုအောင်းလှုပ်ရှားနေသော လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များနှင့် ပူးပေါင်းကာ အကြမ်းဖက်အဖျက်လုပ်ငန်းမျိုးစုံကို ကမ်းကုန်အောင် လုပ်ဆောင်နေကြောင်း၊ ယင်းအဖွဲ့သည် စစ်ရေးအရ တပ်မတော်ကို ရင်ဆိုင်ယှဉ်ပြိုင်နိုင်စွမ်းမရှိခြင်းကြောင့် ပြည်သူလူထုကို ပစ်မှတ်ထားကာ အကြမ်းဖက်အဖျက်လုပ်ရပ်များကို ဆက်တိုက်ကျူးလွန်လျက်ရှိကြောင်း။

ပြည်ပြေးစိန...
လုပ်ကြံသတ...

ABSDF ၏ အဆိုးရွားဆုံးလုပ်ရ...
ဒီဇင်ဘာလ ၂၅ရက်နေ့တွင် တရုတ်နိုင်ငံ...
သော ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်ပူဇော်...
မဟာပါသာဏလိုဏ်ဂူအတွင်း ချိန်ကို...
ရှင်လူတို့ကို တိုက်ခိုက်ခဲ့မှုပင်ဖြစ်ကြော...
ပြီးခဲ့သော မေလ ၇ရက် ရန်ကုန်မြို့တေ...
နေရာသုံးခုတွင် ချိန်ကိုက်ဗုံးများဖြင့် ...
တွင်လည်း ABSDFအဖွဲ့သည် အခြား...

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" နှင့်ပတ်သက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကိုယ်စားလှယ် ဒေါ်မန်ဒင်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" နှင့်ပတ်သက်၍ ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်ထွေး ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

"ပြည်တွင်းပြည်ပ အဖျက်သမားမ... ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့်... အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်... ဖွံ့ဖြိုးရေးအသင်းကိုယ်စားလှယ် ဦး... ထောက်ခံဆွေးနွေးတင်ပြစဉ်။

အနောက်အုပ်စုဝင် နိုင်ငံကြီးအချို့က လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတွေ မည်သို့ပင် အသံကုန်ဟစ်နေသော်လည်း နောက်ဆုံးတွင် ကိုယ်ကျိုးစီးပွား ကာကွယ်သည့်ဘက်ကသာ ရပ်တည်၊

ဖွံ့ဖြိုးဆဲ နိုင်ငံငယ်များ၌ ၎င်းတို့ဩဇာခံ ရုပ်သေးအစိုးရများ တက်လာနိုင်အောင် နည်းမျိုးစုံ အသုံးပြုလုပ်ဆောင်ကြပြီး ယင်းနိုင်ငံငယ်များတွင်ရှိသည့် သယံဇာတအရင်းအမြစ်များကို ဈေးပေါပေါဖြင့် ရယူအမြတ်ထုတ်နေ။

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အမှာစကား ပြောကြား

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် သဘာပတိ ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးငွန်ဆန်းအောင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှိနေသေးကြောင်း၊ အဓိကအဖွဲ့နှစ်ဖွဲ့မှာ NCGUB အမည်ခံထားသည့် ပြည်ပြေးစိန်ဝင်း ဦးစီးအဖွဲ့နှင့် အကြမ်းဖက်အဖျက်သမား ပြည်သစ်ညွှန့်ဝေ(ခေါ်) မောင်မောင်ဦးစီးသည့် မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂ FTUB တို့ပင်ဖြစ်ကြောင်း။

တရားမဝင်ဖွဲ့စည်း

ပြည်ပြေးစိန်ဝင်းအပါအဝင် လွှတ်တော်ကိုယ်စားလှယ်ဆိုသူရှစ်ဦးသည် နိုင်ငံတော်ကို သစ္စာဖောက်ဖျက်ပြီး ထွက်ပြေးတိမ်းရှောင်သွားခဲ့ခြင်းကြောင့် ၁၉၉၀ပြည့်နှစ် ဒီဇင်ဘာ ၃ရက်ကတည်းက တရားခံပြေး ကြေညာထားခြင်းခံရသူများဖြစ်ကြောင်း၊ ယင်းအဖွဲ့သည် စင်ပြိုင်အစိုးရဟု အမည်ခံထားပြီး တစ်ဖက်ကလည်း မြန်မာနိုင်ငံ ဒီမိုကရက်တစ်တပ်ပေါင်းစု DFB ကို တရားမဝင် ဖွဲ့စည်းလှုပ်ရှားနေပါကြောင်း။

ပြည်ပြေးစိန်ဝင်း၏အဖွဲ့သည် အင်အားကြီးအနောက်နိုင်ငံ၌ အခြေစိုက်ပြီး ဥရောပနိုင်ငံများကို လှည့်လည်လှုပ်ရှားနေကြောင်း၊ အနောက်အုပ်စု ဆရာကြီးများအကြိုက် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး အသံကောင်းဟစ်ပြီး လက်ဝါးဖြန့် တောင်းရမ်းစားသောက်နေကြ ဖောက်ခွဲသတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်များသည် စိန်ဝင်းနှင့် နောက်လိုက်များ၏ လက်ချက်ပင်ဖြစ်ကြောင်း။

အနောက်အုပ်စုဝင် နိုင်ငံကြီးအချို့က လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတွေ မည်သို့ပင် အသံကုန်ဟစ်နေသော်လည်း နောက်ဆုံးတွင် ကိုယ်ကျိုးစီးပွား ကာကွယ်သည့်ဘက်ကသာ ရပ်တည်ကြကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များ၌ ၎င်းတို့ဩဇာခံ ရုပ်သေးအစိုးရများ တက်လာနိုင်အောင် နည်းမျိုးစုံ အသုံးပြုလုပ်ဆောင်ကြပြီး ယင်းနိုင်ငံငယ်များတွင်ရှိသည့် သယံဇာတအရင်းအမြစ်များကို ဈေးပေါပေါဖြင့် ရယူအမြတ်ထုတ်နေကြသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း။

ထို့ကြောင့် ကိုယ့်မှုကိုယ့်ဟန်ဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်ရာ၌ ကြုံတွေ့နေရသည့် ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် တွန်းလှန်ကာကွယ်သွားကြပါစို့ဟု ပြောကြားရင်း နိဂုံးချုပ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသွားသည်။

ထို့နောက် ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်ထွေးက **"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှု** ခိုင်မာစွာ ရပ်တည်လာခဲ့သည်မှာ ၁၉၉၆ခုနှစ်မှ ယနေ့အထိတိုင်ပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်များမှာ–

- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်။**
- **အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ဘဝ လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်။**
- **တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို မြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ရန်။**

ပြည်ပြေးစိန်ဝင်း၏အဖွဲ့ အင်အားကြီးအနောက်နိုင်ငံ၌ အခြေစိုက်ပြီး ဥရောပ၌ လှည့်လည်လှုပ်ရှား လုပ်ကြံသတင်းများ အဆက်မပြတ်ထုတ်လွှင့်နေပြီး အခြေအနေပေးသည်နှင့် အဖျက်အမှောင့်လုပ်နေ

ABSDF ၏ အဆိုးရွားဆုံးလုပ်ရပ်မှာ ၁၉၉၆ခုနှစ် ဒီဇင်ဘာလ ၂၅ရက်နေ့တွင် တရုတ်နိုင်ငံမှ ပင့်ဆောင်လာသော ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်ပူဇော်ခံရာ ကမ္ဘာအေးမဟာပါသာဏလိုဏ်ဂူအတွင်း ချိန်ကိုက်ဗုံးဖြင့် ရဟန်းရှင်လူတို့ကို တိုက်ခိုက်ခဲ့မှုပင်ဖြစ်ကြောင်း။

ပြီးခဲ့သော မေလ ၇ရက် ရန်ကုန်မြို့တော် လူစည်ကားရာနေရာသုံးခုတွင် ချိန်ကိုက်ဗုံးများဖြင့် တိုက်ခိုက်မှုဖြစ်စဉ်တွင်လည်း ABSDFအဖွဲ့သည် အခြားသော အကြမ်းဖက်အဖျက်သမားအုပ်စုများနှင့် ပူးပေါင်းကြံစည်လုပ်ဆောင်ခဲ့ကြောင်းကို သတင်းဆက်ဖော်ထုတ်ရရှိခဲ့ကြောင်း။

ABSDF ကဲ့သို့ပင် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွား ပျက်စီးရာပျက်စီးကြောင်း **"သခင်အားရကျွန်ပါး၀"** လုပ်ဆောင်နေသည့် သစ္စာဖောက်ပုဆိန်ရိုးများကြောင်း၊ မြန်မာနိုင်ငံကို နိုင်ငံရေး၊ စီးပွားရေးဘက်ပေါင်းစုံ ပိတ်ဆို့အရေးယူနိုင်ရန် ဝါဒဖြန့်လုပ်ကြံသတင်းများ အဆက်မပြတ် ထုတ်လွှင့်နေပြီး အခြေအနေပေးသည်နှင့် အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်နေကြောင်း၊ လွန်ခဲ့သည့်နှစ်များက ပါဆယ်ဗုံးများပို့ပြီး

အင်အားဖြင့်ကာကွယ်ရေး" နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ၌ မိမိတို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးသည် **"အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့"** ဆိုသည့် ဦးတည်ချက်ချမှတ်ပြီး အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းကြီးတစ်ရပ်အဖြစ်

- **အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန်။**
- **အမျိုးသမီးများနှင့် ကလေးသူငယ်များ လူကုန်ကူးမှုမှ လျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်ရန်၊**
- **အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်** တို့ပင် ဖြစ်ပါကြောင်း။

အနောက်အုပ်စုသည် ပြည်တွင်းသစ္စာဖောက် အကြမ်းဖက်သမား မောင်မောင်(ခ) ပြည်သစ်ညွှန့်ဝေကို ICFTUကိုယ်စားလှယ်အဖြစ် ILO ညီလာခံသို့ တက်ရောက်ခွင့်ပြုခဲ့ကြောင်း၊ ယင်းပုဆိန်ရိုး မောင်မောင်၏ ခလောက်ဆန်မှုကြောင့် မိမိတို့နိုင်ငံအပေါ် တားမြစ်ပိတ်ဆို့မှုများ ပိုမိုပြုလုပ်ခဲ့တာကြောင့် ရန်ကုန်တိုင်းနယ်မြေတွင်ရှိသည့် အထည်ချုပ်စက်ရုံ ၁၆၀ခန့် ပိတ်ပစ်ခဲ့ရပြီး အခြားစက်ရုံ ၄၀ခန့်မှ အလုပ်သမားများကိုလည်း လျှော့ချခဲ့ရပါကြောင်း၊ အလုပ်သမား

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စားလှယ် ဦးကောလ်လျန်ထန်း ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

"ဒို့တာဝန်အရေး(၃)ပါးကိုခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး" နှင့် ပတ်သက်၍ ချင်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကိုယ်စားလှယ် ဒေါ်ဇန်အီယန်ကြွယ် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

"ဒို့တာဝန်အရေး(၃)ပါးကိုခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး" နှင့် ပတ်သက်၍ ချင်းပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ကိုယ်စားလှယ် ဗိုလ်ကြီးစိုးဝင်း(အငြိမ်းစား) ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

"ဒို့တာဝန်အရေး(၃)ပါးကိုခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့်ပူးပေါင်းပါဝင် ဆောင်ရွက်ရေး" အဆိုနှင့် ပတ်သက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကိုယ်စားလှယ် ဦးခမ်ဆွမ်းမုန် ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မဟုတ်မမှန် လုပ်ကြံစွပ်စွဲချက်များကို မိမိတို့နိုင်ငံက ခိုင်မာသည့်အထောက်အထားများဖြင့် ဖြေရှင်းတုံ့ပြန်သည့်အခါ အသစ်အသစ်သော ကွက်ဆန်းထွင် စွပ်စွဲချက်များပြုလုပ်လာ

❒ စာမျက်နှာ ၉ မှ

ရှစ်သောင်းကျော် အလုပ်လက်မဲ့ဖြစ်ခဲ့ရာ၌ ခုနစ်သောင်းကျော်မှာ အမျိုးသမီးအလုပ်သမားများ ဖြစ်ကြောင်း။

စွပ်စွဲချက်

မဟုတ်မမှန် လုပ်ကြံစွပ်စွဲချက်များကို မိမိတို့နိုင်ငံက ခိုင်မာသည့် အထောက်အထား အချက်အလက်များဖြင့် ဖြေရှင်းတုံ့ပြန်ခဲ့သည့်အခါတွင် အသစ်အသစ်သော ကွက်ဆန်းထွင် စွပ်စွဲချက်များကို ပြုလုပ်လာပြန်သည်ကို တွေ့ရှိရကြောင်း။

အားလုံးသိသည့်အတိုင်းပင် HIV ရောဂါဆိုးကြီးကို ၁၉၈၃ခုနှစ်က ပြင်သစ်ဆရာဝန်ကြီး Dr. Luc Mon Paginiea နှင့် အမေရိကန်ဆရာဝန်ကြီး Dr. Robert Gello တို့က စတင်တွေ့ရှိခဲ့ကြောင်း၊ ၎င်းတို့ အနောက်အုပ်စုကပင်ကြေညာခဲ့သည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကို ယင်းရောဂါပိုးများစတင်ရောက်ရှိသည့် ကာလသည် ထိုနောက်ပိုင်းကာလများ၌ဖြစ်ကြောင်း။

အနောက်အုပ်စု ငပွကြီးတွေက ထပ်မံစွပ်စွဲသကဲ့သို့ HIV/AIDS ရောဂါပိုးများသည် မိမိတို့နိုင်ငံက စတင်ဖြစ်ပွားခြင်း၊ ပြန့်ပွားခြင်း မဟုတ်သည့်အကြောင်းကို UNAIDS အဖွဲ့ကြီးအပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သော UNIDO/ UNDP/UNODC အဖွဲ့တို့ကလည်း အခိုင်အမာ ထောက်ခံပြောကြားထားကြောင်း။

မည်သို့ပင်ဆိုစေ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားဖြင့်သာ ကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသွားသည်။

ထောက်ခံဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စားလှယ် ဦးကောလ်လျန်ထန်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ် ဒေါ်မန်ဒင်းနှင့် ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်ထွေးတို့ ဆွေးနွေးတင်ပြသွားသည့် **"ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"** အဆိုအား လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် ထောက်ခံဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ချင်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကိုယ်စားလှယ် ဒေါ်ဗန်အီယန်ကြွယ်က

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။ (သတင်းစဉ်)

"ဒို့တာဝန်အရေး(၃)ပါးကို ခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး" နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် မိမိတို့မြန်မာနိုင်ငံတွင် လူဦးရေ ၅၄သန်းခန့်ရှိသည့်အနက် အမျိုးသမီးဦးရေက ထက်ဝက်ကျော်ရှိရာ မျိုးဆက်သစ်ကလေးများက အများစုဖြစ်ကြောင်း။

နိုင်ငံတော်၏ အများစုအင်အားဖြစ်သည့် မိခင်နှင့်ကလေးများက နိုင်ငံတော်၏ ငြိမ်းချမ်းသာယာသည့်ဘဝကို ရယူလိုကြကြောင်း၊ သို့မှသာ အေးချမ်းသာယာသည့် လူနေမှုဘဝ ရယူပိုင်ဆိုင်ကာ လှပသောအနာဂတ်ကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း။

တပ်မတော်အစိုးရသည် နိုင်ငံတော်တာဝန်ကို ရယူချိန်မှစပြီး ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေး(၃)ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ချမှတ်ခဲ့ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုတိုးတက်အောင်၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းရေးအတွက် နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်၊ လူမှုရေးဦးတည်ချက်(၄)ရပ်တို့ကို ချမှတ်ကာ နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်သို့ စနစ်တကျ ချီတက်နေသည့်ကာလဖြစ်ကြောင်း။

အမျိုးသားနိုင်ငံရေး

ပြည်သူ့သဘောထား(၄)ရပ်၊ ပုဂံ၌ကျင်းပခဲ့သည့် လူထုအစည်းအဝေးကြီးက ချမှတ်ခဲ့သော ပြည်သူတို့၏သန္နိဋ္ဌာန် (၆)ရပ်တို့ကိုလည်း အမျိုးသား နိုင်ငံရေးလုပ်ငန်းများအဖြစ် ခံယူပြီး နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်တို့ကို ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အချိန်လည်းဖြစ်ကြောင်း။

တပ်မတော်၏ မွန်မြတ်မှန်ကန်သည့် မူဝါဒ၊ ရိုးသားဖြူစင်သော စေတနာတို့ကြောင့် မကြုံစဖူး ထူးကဲသည့် ငြိမ်းချမ်းရေးရလဒ်များ စံစားနေရပြီး အောင်မြင်ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များ ခံစားရနေပြီဖြစ်ကြောင်း။

ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ် မည်မျှပင်ကြုံတွေ့နေရပါစေ၊ အခက်အခဲအကျပ်အတည်းများ ရင်ဆိုင်ရပါစေ၊ နိုင်ငံတော်အစိုးရသည် တပ်မတော်၊ လူမှုရေးအဖွဲ့အစည်းများအပါအဝင် ပြည်သူတစ်ရပ်လုံး၏ အင်အားကို ရယူပြီး နိုင်ငံတော်တည်ငြိမ်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ခေတ်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးတို့အတွက် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း။

ပါဝင်ထမ်းဆောင်

မိမိတို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအနေဖြင့် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး အမျိုးသားရေးမျှော်မှန်းချက်များ ပြည့်ဝအောင်မြင်အောင် တက်တက်ကြွကြွ ပါဝင်ကြိုးပမ်းသွားကြမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေသည့် လုပ်ငန်းအဆင့်ဆင့်၌ ကျရာအခန်းကဏ္ဍက တာဝန်ကျေပွန်စွာ ပါဝင်ထမ်းဆောင်သွားကြမည်ဖြစ်ကြောင်း။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့်အတူ ကျရာကဏ္ဍက ပါဝင်ထမ်းရွက်ရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်ပေါ်ရေးကို မနာလိုမရှုဆိတ်သည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို မိမိတို့ ပြည်သူတစ်ရပ်လုံး၏ စုစည်းညီညွတ်သည့်စွမ်းအားဖြင့် တွန်းလှန်ကာကွယ် တားဆီးသွားကြပါစို့ဟု ဆွေးနွေးတင်ပြသည်။

လုပ်ငန်းကဏ္ဍငါးရပ်

ဆက်လက်၍ ချင်းပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ကိုယ်စားလှယ် ဗိုလ်ကြီးစိုးဝင်း(အငြိမ်းစား)က ဆက်လက်ဆွေးနွေးတင်ပြရာတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ လုပ်ငန်းကဏ္ဍ(၅)ရပ်မှာ–

- **အမျိုးသားနိုင်ငံရေးလုပ်ငန်းကဏ္ဍ၊**
- **နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးရာလုပ်ငန်းကဏ္ဍ၊**
- **စီးပွားရေးရာလုပ်ငန်းကဏ္ဍ၊**
- **ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍ၊**
- **လူမှုရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းကဏ္ဍ**

တို့ ဖြစ်ကြောင်း။

ယနေ့ကာလတွင် နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုသည့် တပ်မတော်က ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေကြောင်း။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့် ပေါင်းစည်းယှက်နွယ် နေထိုင်လျက်ရှိသည့်နိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် ဘေးဘိုးစဉ်ဆက် ဥမကွဲသိုက်မပျက် ပေါင်းစည်းနေထိုင်လာခဲ့ကြသည့် စည်းလုံးညီညွတ်မှု အစဉ်အလာကောင်းများကို ထိန်းသိမ်းမြှင့်တင်သွားကြရမည် ဖြစ်ကြောင်း၊ မိမိတို့နေထိုင်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲအောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည့် တာဝန်သည် ယနေ့ မျက်မှောက်ခေတ် နိုင်ငံသူ၊ နိုင်ငံသားတိုင်းက ထမ်းဆောင်ကြရမည့် အမျိုးသားရေးတာဝန်ပင်ဖြစ်ကြောင်း။

အဓိကလိုအပ်ချက်

ယနေ့ နိုင်ငံတော်အစိုးရနှင့် ပြည်သူများလက်တွဲပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တည်ဆောက်လျက်ရှိရာတွင် အဓိကလိုအပ်ချက်မှာ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးပင်ဖြစ်ကြောင်း၊ တပ်မတော်အစိုးရ၏ စစ်မှန်သည့် စေတနာ၊ အပြုသဘောဆောင်သည့် တိုင်းကျိုးပြည်ပြု လုပ်ရပ်များကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့သည် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ယင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် အနောက်အုပ်စုနိုင်ငံကြီးအချို့၏ အမျိုးမျိုးသော ဖိအားပေးမှု၊ ဟန့်တားမှု၊ သွေးခွဲမှု၊ ခြိမ်းခြောက်မှုများကို ပြည်ထောင်စုမျိုးချစ် စိတ်ဓာတ်အရင်းခံကာ ဆန့်ကျင်ဖယ်ရှားနိုင်ခဲ့၍သာ ယခုကဲ့သို့ အမိပြည်ထောင်စုကြီး၏ နွေးထွေးသည့် ရင်ခွင်ထဲ ပြန်လည်ဝင်ရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့ကို မိမိတို့ပြည်နယ်ညီနောင် ချင်းတိုင်းရင်းသားများက လှိုက်လှဲစွာ ဂုဏ်ပြုလိုက်ပါကြောင်း ဤနေရာက ပြောကြားလိုကြောင်း။

ယခုဆိုလျှင် နိုင်ငံတော်၌ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းအခြေခံများ၊ ယဉ်ကျေးမှု၊ ဓလေ့စရိုက် အစဉ်အလာများနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဖော်ဆောင်နေပြီဖြစ်ကြောင်း။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်တွင် ပါရှိပြီး ပထမဆုံးနှင့် အရေးအကြီးဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပနေပြီဖြစ်ကြောင်း၊ ၂၀၀၄ ခုနှစ် မေလ ၁၇ရက်နေ့မှ ဇူလိုင်လ ၉ရက်နေ့ အထိ အမျိုးသားညီလာခံ၏ ကဏ္ဍတစ်ရပ်ကို အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း။

ကိုလိုနီနယ်ချဲ့ လက်သစ်ဝါဒီ နိုင်ငံကြီးအချို့နှင့် လက်ပါးစေ ပြည်တွင်းသစ္စာဖောက်များက မိမိတို့နိုင်ငံနှင့်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍

အာဆီယံအသက်(၂၀)အောက်လူငယ်ဘောလုံးပြိုင်ပွဲ မြန်မာက မလေးရှားကို အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၁၁

၂၀၀၅ခုနှစ် အာဆီယံအသက်(၂၀)အောက်လူငယ်ဘောလုံးပြိုင်ပွဲ (AFF U-20 Youth Championship 2005)ကို ယနေ့ဒေသစံတော်ချိန် ညနေ ၆နာရီ ၄၅မိနစ်တွင် အင်ဒိုနီးရှားနိုင်ငံ Palembang ၌ဆက်လက်ကျင်းပသည်။

(က) အုပ်စုမှ မြန်မာလူငယ်လက်ရွေးစင်အသင်းနှင့် မလေးရှားနိုင်ငံ လူငယ်လက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာလူငယ်လက်ရွေးစင်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲ၌ ပထမပိုင်း ၂၃မိနစ်တွင် အောင်မြင့်အေးက ပထမဂိုးကိုလည်းကောင်း၊ ၄၂မိနစ်တွင် အောင်မိုးက ဒုတိယဂိုးကိုလည်းကောင်းသွင်းယူကြပြီး ပထမပိုင်း၌ မြန်မာလူငယ်လက်ရွေးစင်အသင်းသည် နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

တိုက်စစ်ဆင်

ဒုတိယပိုင်းတွင် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးသမားများ နောက်ထပ်ဂိုးသွင်း ရန်တိုက်စစ်ဆင်ကစားနေစဉ် မလေးရှားလူငယ်လက်ရွေးစင်အသင်းမှ တိုက်စစ်မှူးတစ်ဦးက မြန်မာလူငယ်အသင်း နောက်တန်းကို လျှပ်တစ်ပြက်ထိုးဖောက်၍ တစ်ဂိုးသွင်းယူခဲ့သည်။

ထို့နောက် မြန်မာလူငယ်လက်ရွေးစင်အသင်းက တန်ပြန်တိုက်စစ်ဆင်၍ ကစားနိုင်သောကြောင့် မလေးရှားလူငယ်လက်ရွေးစင်အသင်းအနေဖြင့် နောက်ထပ်ဂိုးမသွင်းနိုင်ဘဲ မြန်မာလူငယ်လက်ရွေးစင် အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။

အကြိုဗိုလ်လုပွဲတက်ရန်သေချာ

မြန်မာလူငယ်လက်ရွေးစင်အသင်းသည် ဘရူနိုင်းလူငယ်လက်ရွေးစင်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ထိုင်းလူငယ်လက်ရွေးစင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ မလေးရှားလူငယ်လက်ရွေးစင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိထားပြီး (က) အုပ်စုတွင် သုံးပွဲကစား၊ သုံးပွဲစလုံးနိုင်၍ ကိုးမှတ်ဖြင့် အကြိုဗိုလ်လုပွဲသို့တက်ရန် သေချာသွားပြီဖြစ်သည်။

ဩဂုတ်၁၃ရက်တွင် မြန်မာလူငယ်လက်ရွေးစင်အသင်းသည် အိမ်ရှင်အင်ဒိုနီးရှားလူငယ် လက်ရွေးစင်အသင်းနှင့် အုပ်စု နောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (သတင်းစဉ်)

ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာ

ရန်ကုန် ဩဂုတ် ၁၁

ပဲခူး တိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ရွှေတောင်မြို့နယ် သမိုင်းဝင် ရွှေနတ်တောင် စေတီတော်မြတ်ကြီးအနီးရှိ ငါးဆူတောင်ဓမ္မရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကနယ်လှည့်သာသနာပြု မှဲ့ရှင်ဆရာတော် ဘဒ္ဒန္တ ခေမာစာရမထေရ်မြတ်၏ (၆၇)နှစ်ပြည့် ဝိဇာတအလှူတော်မင်္ဂလာအခမ်းအနားကိုဩဂုတ်၁၉ရက်(ဝါခေါင်လပြည့်နေ့) နံနက် ၉နာရီတွင် မဟာမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတိုက်ပရဝဏ်၌ ကျင်းပမည်ဖြစ်သည်။

ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာပွဲတွင် ဆရာတော်သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်းနှင့် ရပ်နီးမှ တပည့် ဒါယကာ ဒါယိကာများအား ကြွရောက်ဖူးမြော် ကြည်ညိုနိုင်ရန် ဖိတ်ကြားထားသည်။ (သတင်းစဉ်)

ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁)ရပ်ကွက် ကမ္ဘောဇလမ်း အမှတ်(၆၇)နေ ကွယ်လွန်သူ ဒေါက်တာဒေါ်အေးအေးမူအားရည်စူး၍ခင်ပွန်း ဒေါက်တာဦးမြင့်ဆွေ (အရေပြားအထူးကုဆရာဝန်ကြီး)၊သားဦးကျော်ကျော်လင်း-ဒေါ်တင်တင်ခိုင်တို့က နှင်းဆီကုန်း သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ်သုံးသိန်းကို တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ပေးအပ်လှူဒါန်းစဉ်။(က-ပ)

ပုဂံရွှေးဟောင်းဘုရားများ ပြုပြင်ရန် ကုသိုလ်ယူနိုင်

ရန်ကုန် ဩဂုတ် ၁၁

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းဘုရား စေတီ၊ သာသနိကအဆောက်အအုံများကို ၁၉၉၆ ခုနှစ်မှစ၍ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပြုပြင်တည်ထားလျက်ရှိသည်။ ပြုပြင်ရန် ပထမအကြိမ် စာရင်းကောက်ယူပြုစုထားသော ဘုရားစေတီ ၁၁၇၅ဆူအနက် ယခုအခါ ၁၁၇၃ဆူကို အများပြည်သူ အလှူရှင်များ၏ လှူဒါန်းငွေဖြင့် ဘက်စုံပြန်လည်ပြုပြင်တည်ထားခဲ့ပြီး ပြုပြင်ရန်နှစ်ဆူသာ ကျန်ရှိတော့သည်။

ပြုပြင်ရန် ကျန်ရှိနေသေးသော ဘုရားနှစ်ဆူမှာ ပုဂံမြို့ ရွှေဆံတော်စေတီ၏ တောင်ဘက်ရှိ ဘုရားအမှတ် ၁၃၇၀ နှင့် ၁၃၀၄ တို့ဖြစ်ပြီး ခန့်မှန်းခြေကုန်ကျငွေမှာ ဘုရားအမှတ် ၁၃၇၀သည် ငွေကျပ် ၄၂သိန်း၊ ဘုရားအမှတ် ၁၃၀၄ သည် ငွေကျပ် ၂၆၅ သိန်းတို့ဖြစ်သည်။

ထို့အတူ ပုဂံဒေသတွင် ဘုရားစေတီအဖြစ်မှ ပြိုပျက်ပြီး အုတ်ကုန်းမို့မို့ အဖြစ်သို့ ရောက်ရှိနေသော အုတ်ကုန်း ၈၉၂ ကုန်းရှိကာ ၆၈၉ ကုန်းမှာ ပြန်လည်ပြုပြင် တည်ထားပြီးဖြစ်၍ ပြန်လည်ပြုပြင်ရန် ၂၀၃ ကုန်းသာ ကျန်ရှိသည်။ အုတ်ကုန်းဘုရားတစ်ဆူစီအတွက် ခန့်မှန်းခြေကုန်ကျငွေကို လှူဒါန်းလိုသူ ကုသိုလ်ရှင်ပေါ်ထွက်သည့်အခါ စေတီပန္နက်ခံပေါ်အောင် တူးဖော်ပြီးမှ ပုံထုတ်တွက်ချက်ပေးနိုင်မည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

လှူဒါန်းလိုသူများသည် တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း လှူဒါန်းနိုင်ကြပြီး ယဉ်ကျေးမှုဝန်ကြီးဌာန အမှတ်(၁၃၁) ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၄၁၇၆၇၊ ၅၄၁၇၆၈၊ ၅၄၃၂၃၃၊ ၅၄၃၂၃၄ နှင့် ရှေးဟောင်းသုတေသနဦးစီးဌာန ဖုန်း-၅၁၂၁၃၇၊ ၅၁၂၁၃၉၊ ၅၁၂၁၄၀၊ ၅၁၄၄၈၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

အထက(၄)ဗိုလ်တထောင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်းနှင့် ပညာရေးမိသားစုများက ဩဂုတ် ၄ရက်က နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)မိုးကုတ်ဆွမ်းစား ကျောင်းဆောင်၌ သံဃာတော်အပါး ၄၅၀တို့အား တစ်နေ့တာဆွမ်းဆက်ကပ် လှူဒါန်းစဉ်။ (က-ပ)

❍ စာမျက်နှာ ၁၀ မှ

တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွား ပျက်စီးရာပျက်စီးကြောင်း ဝါဒဖြန့်ထိုးနှက်မှုများ အဆက်မပြတ်ပြုလုပ်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ တပ်မတော်အပေါ် ထိုးနှက်မှုများထဲက တစ်ခုမှာ အရွယ်မရောက်သေးသည့် **"ကလေးစစ်သည်"**များအသုံးပြုနေသည်ဆိုသည့် အချက်ဖြစ်ကြောင်း။

အခြေအမြစ်မရှိ

ယနေ့ မိမိတို့မြန်မာနိုင်ငံ၌ တိုင်းပြည်ကိုချစ်သူတိုင်း နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းအဖြစ် ဝင်ရောက်ကြကြောင်း၊ မိမိတို့ငယ်စဉ်ဘဝတုန်းကလည်း ထိုအတိုင်းပင်၊ မြန်မာနိုင်ငံ၌ စစ်မှုမထမ်းမနေရ ဥပဒေမရှိကြောင်း၊ ဆန္ဒအလျောက် စစ်မှုထမ်းဆောင်ခြင်းသာရှိကြောင်း၊ ဥပဒေအရ အသက်(၁၈)နှစ်ပြည့်ပြီးသူများသာ စစ်မှုထမ်းခွင့်ရှိကြောင်း၊ ထို့ကြောင့် ကလေးစစ်သည်များ စုစည်းတာဝန်ပေးနေသည် ဆိုသည့်စွပ်စွဲချက်သည် အခြေအမြစ်မရှိကြောင်း ပြောကြားလိုကြောင်း။

မိမိတို့မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ အနေ ဖြင့် တပ်မတော်၏ ဦးဆောင်မှုကိုခံယူပြီး ဒို့တာဝန်အရေး (၃)ပါးကို ဦးထိပ်ပန်ဆင်ကာ အမျိုးသားရေးမျှော်မှန်းချက်များ ပြည့်ဝအောင်မြင်အောင် တက်တက်ကြွကြွပါဝင်ကြိုးပမ်းသွားကြမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေသည့် လုပ်ငန်းအဆင့်ဆင့်၌ မိမိတို့ကျရာအခန်းကဏ္ဍက တာဝန်ကျေပွန်စွာဖြင့် တက်တက်ကြွကြွ ပါဝင်ထမ်းဆောင်သွားကြမည်ဖြစ်ကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အတူ ကျရာကဏ္ဍကပါဝင်ထမ်းရွက်ရင်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကို မနာလို မရှုဆိတ်သည့် ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် အဖျက်လုပ်ရပ်များကို မိမိတို့ပြည်သူ တစ်ရပ်လုံး၏ စုစည်းညီညွတ်သည့်စွမ်းအားဖြင့် တွန်းလှန်တိုက်ဖျက်ချေမှုန်းသွားကြပါစို့ဟု အဓိဋ္ဌာန်ပြုရင်း နိဂုံးချုပ်အပ်ပါကြောင်းစသည်ဖြင့် ဆွေးနွေးတင်ပြသွားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ် ဦးခမ်ဆွမ်းမုန်က ချင်းပြည်နယ် မိခင်နှင့်ကလေး စောက်ရှောက်ရေးအသင်း ကိုယ်စားလှယ် ဒေါ်ဗန်အီယန်ကြွယ်နှင့် ချင်းပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ကိုယ်စားလှယ် ဗိုလ်ကြီးစိုးဝင်း(အငြိမ်းစား)တို့ ဆွေးနွေးတင်ပြသွားသည့် **"ဒို့တာဝန်အရေး(၃)ပါးကိုခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင်ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"**အဆိုအားလူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် ထောက်ခံဆွေးနွေးတင်ပြသည်။

ယင်းနောက် သဘာပတိက **"ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအားစည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"** အဆိုနှင့် **"ဒို့တာဝန်အရေး(၃)ပါးကို ခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"**အဆိုနှစ်ရပ်အား လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် အစည်းအဝေး တက်ရောက်လာကြသူများ၏ သဘောထားရယူပြီး အဆိုနှစ်ရပ်အား အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် လူထုအစည်းအဝေးကို ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်၍ နံနက် ၁၀နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။ (သတင်းစဉ်)

သန်လျင်တင်းနစ်ကလပ်သို့ အားကစားပစ္စည်းများလှူဒါန်း တင်းနစ်ကစားနည်းသရုပ်ပြ

ရန်ကုန် ဩဂုတ် ၁၁

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်၏ လူငယ်တင်းနစ် အားကစားသမားများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သည့်အစီအစဉ်တစ်ရပ်အနေဖြင့်မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ လူငယ်တင်းနစ် နည်းပြဆရာများဖြစ်ကြသောဒေါက်တာအောင်ကျော်ဆန်းနှင့် ဦးမြတ်ခိုင်တို့က ရန်ကုန်တိုင်း သန်လျင်မြို့၌ လူငယ် တင်းနစ် အားကစားသမားများနှင့် တင်းနစ် အားကစားဝါသနာရှင်များအား တင်းနစ်အားကစားသင်တန်း ပေးလျက်ရှိသည်။

ယမန်နေ့က မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးလေးနိုင်နှင့်အဖွဲ့ဝင်တို့သည်သန်လျင်မြို့ သန်လျင်တင်းနစ်ကလပ်သို့ ရောက်ရှိလာကြပြီး တင်းနစ်ကစားနည်း ကို လက်တွေ့သရုပ်ပြကြသည်။

ထို့နောက်မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးလေးနိုင်က တင်းနစ်အားကစားနည်းဆိုင်ရာ ပစ္စည်းများကိုသန်လျင်တင်းနစ်ကလပ်သို့ ပေးအပ်လှူဒါန်းရာ ကလပ်အတွင်းရေးမှူး ဦးအောင်သိန်းက လက်ခံရယူကြောင်း သိရသည်။ (ကြေးမုံ)

၂၀၀၅ ခုနှစ် ဇူလိုင်လတွင် မူးယစ်ဆေးဝါးအမှုပေါင်း ၃၂၀ ဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၁၁

၂၀၀၅ ခုနှစ် ဇူလိုင်လတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့က မူးယစ်ဆေးဝါးအမှုပေါင်း ၃၂၀ ဖမ်းဆီးနိုင်ခဲ့ရာ ဘိန်း၃၆ မှု အလေးချိန် ၆၉ဒသမ၉၂၈၆ကီလို၊ ဘိန်းဖြူ၁၄၂မှု အလေးချိန် ၁၀ဒသမ၇၇၁၄ကီလို၊ ဘိန်းဆီကိုးမှု အလေးချိန် ၄ဒသမ၁၉၂၇ကီလို၊ အဆင့်နိမ့်ဘိန်း ၁၆မှု အလေးချိန်၆ဒသမ ၆၂၆၇ကီလို၊ ဆေးခြောက် ၂၀မှု အလေးချိန် ၁၀ ဒသမ ၃၃၈၉ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၇မှု ၆၂၈၄၄ပြား၊ ဘိန်းစာမှုန့် လေးမှု အလေးချိန်၉ဒသမ ၄၅၉ကီလို၊ စိတ်ကြွရူးသွပ်ဆေးခဲ (အိုက်စ်) တစ်မှု အလေးချိန် ဒသမ ၀၁၅ကီလို၊ အက်တက်စီ (Ecstasy)ဆေးပြား နှစ်မှု ၃၆၈၃ပြား၊ မှတ်ပုံတင်ပျက် ခုနစ်မှုနှင့် အခြားအမှု ခြောက်မှု ဖမ်းဆီးရမိသည်။

အဆိုပါ မူးယစ်ဆေးဝါး အမှုပေါင်း ၃၂၀ဖမ်းဆီးခဲ့ရာတွင် တရားခံအမျိုးသား ၃၈၃ဦး၊ တရားခံအမျိုးသမီး ၈၅ဦး စုစုပေါင်းတရားခံ ၄၆၈ဦးတို့အား ဥပဒေအရ အရေးယူခဲ့သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၈-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၀** ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၂၅** ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၃၀** ၆။ မျိုးချစ်တပ်မတော်
- **၄:၄၅** ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၀၀** ၈။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် °Nature, °Origin and Sources of International Law (တတိယနှစ်- ဥပဒေပညာ)**
- **၅:၄၅** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ မိုးလေဝသသတင်း
- **၆:၂၅** ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၄။ **ကာတွန်းအစီအစဉ် "ရှောင်လင်လူစွမ်းကောင်းလေး" (အပိုင်း-၂၂)**
- **၆:၅၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အချစ်စစ်တို့ရဲ့သစ္စာနယ်မြေ" (အပိုင်း-၁၁)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နှင်းနဂါးသိုင်း" (အပိုင်း-၁၇)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စက်ချုပ်သင်တန်း အမှတ်စဉ် (၃၇/ ၂၀၀၅) ဆင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော စက်ချုပ်သင်တန်း အမှတ်စဉ် (၃၇/၂၀၀၅) ဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံ အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ သင်တန်းဆရာမများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်ထွေးထွေးညွှန့်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက သင်တန်းတွင် ထူးချွန်ဆုရရှိကြသော သင်တန်းသူများအား ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ထွေးထွေးညွှန့်၊ ဒေါ်ခင်နွယ်နွယ်နှင့် ဒေါ်သဇင်နွယ်တို့က သင်တန်းဆင်း လက်မှတ်များကို အသီးသီးပေးအပ်ကြသည်။

ယင်းနောက် သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ စက်ချုပ်သင်တန်းသို့ သင်တန်းသူ ၄၀ တို့ တက်ရောက်အောင်မြင်ခဲ့ကြသည်။ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းက စက်ချုပ်သင်တန်းကို သင်တန်းကြေး သက်သာစွာဖြင့် နှစ်လ တစ်ကြိမ်ဖွင့်လှစ်ထားရှိရာ သင်တန်း တက်ရောက်လိုသူများ ဆက်သွယ် စာရင်း ပေးသွင်းနိုင်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း စက်ချုပ်သင်တန်း အမှတ်စဉ် (၃၇/၂၀၀၅) သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်ထွေးထွေးညွှန့် သင်တန်းဆင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း စက်ချုပ် သင်တန်း အမှတ်စဉ် (၃၇/၂၀၀၅) သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင် ခင်ဝင်း ထူးချွန်သင်တန်းသူတစ်ဦး အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

အဆင့်မြင့်တန်းပွဲ လယ်ယာ/ထွက်ကုန် အနိုင်ရ မြို့တော်စည်ပင်နှင့် စွမ်းအင် သရေကျ

ရန်ကုန် ဩဂုတ် ၁၁

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ မြန်မာ လိဂ်အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက လှုငယ်အားကစား လေ့ကျင့်ရေး စခန်း (သုဝဏ္ဏ) ဘောလုံးကွင်းနှင့် အောင်ဆန်း အားကစားပြိုင်ကွင်းတို့တွင် ဆက်လက်ကျင်းပရာ မြို့တော်စည်ပင်နှင့် စွမ်းအင်တို့ ဂိုးမရှိ သရေကျသွားပြီး လယ်ယာထွက်ကုန်က ပြည်ထဲရေးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

မြို့တော်စည်ပင်အသင်း ဂိုးမရှိ။
စွမ်းအင်အသင်း ဂိုးမရှိ။
ဒိုင်လူကြီး ဦးဝင်းဦး။

နှစ်သင်းစလုံး ပထမပွဲတွင် အနိုင်ရထားပြီး သုံးမှတ်စီရရှိထား၍ အုပ်စုတက်ရေးအတွက် ယခုပွဲ၌ အနိုင်ရရန် ကြိုးစားကစားကြသော်လည်း သရေသာ ကျသွားသည်။

ပထမပိုင်းတွင် စွမ်းအင်အသင်းက ကစားကွက်မိမိ၊ အချိတ်အဆက်မိမိဖြင့် ဂိုးရရှိရေး တရစပ်ထိုးဖောက်ရာ စည်ပင်အသင်းခံစစ်ကို ဦးစားပေးကစားနေရသည်။ စည်ပင်အသင်းဂိုးသမား ထွန်းထွန်းလင်း အစွမ်းပြကာကွယ်နေ၍ စွမ်းအင်ဂိုးမရဖြစ်နေသည်။

မြို့တော်စည်ပင်အသင်းမှ ကွင်းလယ်ဖန်တီးရှင် တင့်နိုင်ထွန်းသိန်းမှာ ပွဲစပြီးမကြာမီမှာပင် ဒဏ်ရာရသွားပြီး လူစားလဲလိုက်ရ၍ စည်ပင်အသင်း တိုက်စစ်အားပျော့ခဲ့ရသည်။ ထို့ပြင် စွမ်းအင်ဂိုးသမား ကျော်မင်းလှိုင်ကလည်း ကာကွယ်နိုင်ခဲ့သည်။ ထို့ကြောင့် မိနစ် ၉၀ ပြည့်သော်လည်း အနိုင်အရှုံး မပေါ်၍ တစ်မှတ်စီရရှိသွားကြသည်။

ယနေ့ပွဲအပြီးတွင် (ဂ) အုပ်စု၌ မြို့တော်စည်ပင်နှင့် စွမ်းအင်က တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်စီဖြင့် အုပ်စုကိုဦးဆောင်နေပြီး ကာကွယ်ရေးနှင့် ကမ္ဘောဇမှာ တစ်ပွဲရှုံးဖြင့် အမှတ်မရသေးချေ။

ယနေ့ပွဲ

ညနေ ၄ နာရီ
(သုဝဏ္ဏကွင်း)
ကမ္ဘောဇနှင့် ကာကွယ်ရေး
(အောင်ဆန်းကွင်း)
ရထားပို့ဆောင်ရေးနှင့် လယ်/ဆည်

(ကြေးမုံ)

ကွယ်လွန်သူ အဘိုး ဦးလှအောင်၊ အဘွား ဒေါ်အေးခင်၊ ဖခင် ဦးမြင့်ဦး၊ မိခင် ဒေါ်ခင်ရီတို့အား ရည်စူး၍ ဗိုလ်တထောင်မြို့နယ် ၄၂လမ်းနေ ဦးအောင်နိုင်ဦး၊ ဦးခင်ဇော်ဦး၊ ဦးဖုန်းမြင့်ဦး၊ ဒေါ်မိုးသီတာ၊ ဒေါ်မိုးစန္ဒာတို့က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေ ပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။

(က-ပ)

နတ်မောက်မြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်မြို့ ခြောက်ထပ်ကြီးတိုက် သီဂီဦးကျောင်း ပဓာန ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသအား အမှူးထား၍ နတ်မောက်မြို့နယ်အသင်း (ရန်ကုန်)က နတ်မောက်မြို့နယ်ဖွား ကျောင်းထိုင်ဆရာတော်ကြီး ၂၁ ပါးတို့အား (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၁၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ သာဓုပရိယတ္တိစာသင်တိုက်တွင် ကျင်းပမည်ဖြစ်သည်။

သင်္ကန်း၊ လှူဖွယ်ပစ္စည်း၊ ဝတ္ထုငွေများ လှူဒါန်းလိုသူများသည် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥက္ကံသ ဖုန်း-၅၁၂၀၆၆၊ ဦးအောင်သန်း ဖုန်း-၅၇၂၃၄၉၊ ဦးတင်ဝင်း ဖုန်း-၆၆၇၅၁၁၊ ဦးအောင်သန်းထွန်း ဖုန်း-၅၄၃၃၉၁၊ ဦးလှမောင် ဖုန်း-၆၁၀၆၅၄၊ ဦးအောင်ဝင်း ဖုန်း-၂၂၉၂၈၁နှင့် နီးစပ်ရာ အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၈-၂၀၀၅ (သောကြာနေ့)
(၁၃၆၇ခုနှစ်၊ ဝါခေါင်လဆန်း(၈)ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ အတီးပြိုင်ပွဲ
- ၈း၀၅ ၆။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၈း၂၀ ၇။ မိုးယွန်းကြီးရေထိန်းတံခါး
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ Islands of Dhamma.
- ၈း၅၀ ၁၀။ **ဘဒ္ဒန္တ ဇောတိပါလ(အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက) နိုင်ငံတော် ဩဝါဒါစရိယ တွဲဖက်ရွှေကျင် သာသနာပိုင် သီရိမင်္ဂလာ ကြခတ်ဝိုင်းကျောင်းတိုက်၊ ပဲခူးမြို့ ပဲခူးတိုင်းထံမှ နဝင်္ဂဥပေါသထသီလခံယူ ဆောက်တည်ခြင်း**
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ ရန်ကုန်တိုင်းအမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ပဉ္စမအကြိမ်ဓမ္မစကြာဝတ်ရွတ် ပူဇော်ပွဲ(တတိယဆု) အထက(၄) မင်္ဂလာတောင်ညွန့် (အမျိုးသားဝတ်ရွတ်အဖွဲ့)
- ၄း၅၀ ၄။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)**
- ၅း၁၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅း၂၅ ၆။ ၂၀၀၅ခုနှစ်၊တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး အတီးပြိုင်ပွဲဝင်များလေ့လာနိုင် ကြရန်(မဟာဂီတ) (အခြေခံ ပညာ ၁၀-၁၅ နှစ်) (အမျိုးသား၊အမျိုးသမီး)
- ၅း၃၅ ၇။ ပညာပါရမီအလှူတော် နတ်လူသာဓုခေါ်
- ၅း၅၀ ၈။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၆း၃၀ ၉။ ညနေခင်းသတင်း
- ၇း၀၀ ၁၀။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ဝက်ပါ" (အပိုင်း-၈)**
- ၇း၃၅ ၁၂။ နှောင်းခေတ်တေးပဒေသာ
- ၇း၄၅ ၁၃။ **"ထာဝစဉ်နုလှ မြန်မာ့ဂီတ" (အတီးပညာဘာသာရပ် ဆွေးနွေးခန်း) (အပိုင်း-၆)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မခွဲအတူ" (အပိုင်း-၂)**
- ၁၈။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာ ဘိဝံသ ၏ အရပ်ဆယ်မျက်နှာ မေတ္တာ ဘာဝနာပွားများခြင်း တရားတော်**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ခုနှစ်၊ ဩဂုတ်လအတွက်
(၁၄-၈-၂၀၀၅)ရက်နေ့
နှင့်
(၂၈-၈-၂၀၀၅) ရက်နေ့

ရန်ကုန်တိုင်း တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (အဆင့်မြင့်ပညာအဆင့်) ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (အဆင့်မြင့်ပညာအဆင့်) ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ကြသူများအား ဂုဏ်ပြုပန်းခြင်းကို ပေးအပ်ရာ (အဆင့်မြင့်ပညာအဆင့်) ပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဦးကျော်မြင့်ဦးနှင့် အနုပညာရှင်များက လက်ခံယူကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်း တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (အဆင့်မြင့်ပညာအဆင့်) ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ကုမုဒြာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်တိုင်း တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ အမှတ် (၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးလှအေး၊ ရန်ကုန်တိုင်း တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဦးကျော်မြင့်ဦးနှင့် ကော်မတီဝင်များ၊ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုး၊ ဒုတိယပါမောက္ခချုပ်များနှင့် ဆရာ၊ ဆရာမများ၊ ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်၊ အကဲဖြတ် အမှတ်ပေးဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်း တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (အဆင့်မြင့်ပညာအဆင့်) ပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ဒဂုံ တက္ကသိုလ် ပါမောက္ခချုပ် ဦးကျော်မြင့်ဦးက ပြိုင်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဖဲကြိုးဖြတ်၍ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

သီဆိုကပြဖျော်ဖြေ

ထို့နောက် ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) မှ အနုပညာရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အကများဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဖျော်ဖြေ တင်ဆက်ကြသူများအား ဂုဏ်ပြုပန်းခြင်းကိုပေးအပ်ရာ (အဆင့်မြင့်ပညာအဆင့်) ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဦးကျော်မြင့်ဦးနှင့် အနုပညာရှင်များက လက်ခံယူကြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုးက ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ရွှေချည်ထိုးပန်းချီကားကိုပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါပြိုင်ပွဲသို့ ရန်ကုန်တိုင်း အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူ ၇၈ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဩဂုတ် ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ပင်လောင်းမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်

ရန်ကုန် ဩဂုတ် ၁၁

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်မင်းဘူးကျေးရွာအုပ်စု ဆောင်းဆီးတောင်ရွာ၌ "ကြွယ်ဝ" ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို ဇူလိုင် ၃၀ရက်တွင် အဆိုပါ စာကြည့်တိုက်၌ကျင်းပသည်။

ဆက်လက်၍ ဆောင်းဆီးမြောက်ရွာ၌ "ပညာရောင်ခြည်" စာကြည့်တိုက်နှင့် ကဒွတ်ကုန်းရွာ၌ "ပညာအလင်းရောင်"စာကြည့်တိုက်များကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်ဋ္ဌေးဦး ဆည်မြောင်းရေလှောင်တမံများ စစ်ဆေး ဆည်ရေသောက် သီးနှံစိုက်ပျိုးရေး ဆွေးနွေးမှာကြား

ရန်ကုန် ဩဂုတ် ၁၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဋ္ဌေးဦးသည် ဩဂုတ် ၇ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ပြီးစီးသွားသည့် မြို့သစ်ရေလှောင်တမံသို့ရောက်ရှိပြီး ရေလှောင်တမံထိန်းသိမ်းမှုလုပ်ငန်းများနှင့် ဆည်ရေရရှိ သိုလှောင်ထားမှုများကို ကြည့်ရှုစစ်ဆေးရာ စစ်ကိုင်းတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဟုတ်ကြည်က ရှင်းလင်းပြသသည်။

မြို့သစ်ရေလှောင်တမံသည် တမံအလျားပေ ၂၆၀၀၊ တမံအမြင့်ပေ ၆၀ ရှိကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးသည် အရာတော်မြို့နယ် အိုင်လျှားရွာအနီးရှိ ညောင်နီချောင်းကို မြေသားတမံပိတ်၍ တည်ဆောက်နေသည့် အိုင်လျှား ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိပြီး ပင်မတမံပြီးစီးမှု၊ တမံအလျားပေ ၄၄၀၀၊ တမံအမြင့် ၄၁ပေကို ရေဝင်ပိုင်း ကျောက်စီပြီးစီးမှုကို လည်းကောင်း၊ သံကူကွန်ကရစ်အမျိုးအစား ရေထိန်းမျှော်စင်၊ ရေထုတ်ပြွန်နှင့် ရေခေါ်မြောင်းတို့ကိုလည်းကောင်း၊ အကျယ်ပေ ၃၀ ရှိသည့် သံကူကွန်ကရစ် အမျိုးအစား ရေပိုလွှဲကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့အား စီမံကိန်းရှင်းလင်းဆောင်၌ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးက အိုင်လျှား ရေလှောင်တမံစီမံကိန်းဆောင်ရွက်သည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်မှုများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အကျိုးပြုဧကများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဆည်ရေစနစ်တကျ အသုံးပြု၍ ဒေသရှိ တောင်သူလယ်သမားများ ဝင်ငွေ ပိုမိုရရှိနိုင်သော သီးနှံပုံစံဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် အရာတော်မြို့နယ် ချဉ်ပင်ကြီးကျေးရွာအနီး၌ စစ်ကိုင်းတိုင်း ဆည်မြောင်းဦးစီးဌာနက တည်ဆောက်နေသည့် အင်ကြင်းပင်ရေကူတမံသို့ရောက်ရှိရာ ညွှန်ကြားရေးမှူးက အင်ကြင်းပင်ချောင်းပေါ်၌ အိုင်လျှား ရေကူတမံ တည်ဆောက်၍ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးခြင်းဖြင့် ဒေသဖွံ့ဖြိုးရေး၊ စိမ်းလန်းစိုပြည်ရေးအကျိုးပြုမှုကို ရှင်းလင်းပြသသည်။

ထို့နောက် ဝန်ကြီးသည် တမံအလျားပေ ၂၉၀၀၊ တမံအမြင့် ၂၈ပေရှိသည့် ပင်မတမံနှင့် အလျား ၄၃၃၇ ပေရှိသည့် ရေကူမြောင်းပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် အရာတော် ရေလှောင်တမံစီမံကိန်း၏ ရေသောက်စနစ်တွင် ပါဝင်သော အရာတော် ရေပေးတူးမြောင်းမကြီး ကားလမ်းဖြတ်မြောင်း ပြုလုပ်နေမှု၊ စက်ယန္တရားများဖြင့် တူးမြောင်းပြုလုပ်မှုတို့ကို ကြည့်ရှုသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် အရာတော် ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိပြီး ရေပိုလွှဲ တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးသည်။ ရေပိုလွှဲသည် သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး အလျား ၁၃၈၅ပေ၊ အကျယ်ပေ ၄၀ရှိသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပင်မတမံ တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် စီမံကိန်း ရှင်းလင်းဆောင်၌ စစ်ကိုင်းတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဟုတ်ကြည်က အရာတော် စီမံကိန်းများဆောင်ရွက်မှုတို့ကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

အရာတော်ချောင်းပေါ်တွင် တည်ဆောက်နေသည့် အရာတော် ရေလှောင်တမံစီမံကိန်းသည် လယ်မြေဧရိယာ ဧက ၁၀၀၀ အကျိုးပြုမည့် စီမံကိန်းဖြစ်သည်။

ဆွေးနွေး

ဝန်ကြီးသည် တိုင်း၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးလုပ်ငန်းညှိနှိုင်းမှုကော်မတီဝင်များနှင့် ဆည်ရေသောက်ဒေသ သီးနှံစိုက်ပျိုးရေးကိစ္စရပ်များကို ဆွေးနွေးပြီး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ချမှတ်ပေးသည်။

စပါးတိုးချဲ့စိုက်

ထို့နောက် ဝန်ကြီးသည် အရာတော်မြို့နယ် မြေနက် ကျေးရွာအုပ်စုတွင် ရေလျှံတွင်းများတူးဖော်၍ စပါးတိုးချဲ့စိုက်ပျိုးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးက ရေလျှံတွင်းများ တူးဖော်ပေးရာတွင် ကုန်ကျစရိတ် သက်သာစေရန်နှင့် ဌာနမှကျွမ်းကျင်မှုများ ပေးရန် မှာကြားသည်။

စပါးဧက ၅၀

ယင်းနောက် ဝန်ကြီးသည် ရေလျှံအစမ်းတွင်း အမှတ်(၁)၏ ရေကန်တွင် ရေထွက်နှုန်း တစ်နာရီ ဂါလန် ၂၂၅၀၀ ထွက်ရှိမှုနှင့် ရေတွင်းတစ်တွင်းလျှင် စပါးဧက ၅၀ စိုက်ပျိုးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ဆက်လက်ထွက်ခွာခဲ့ရာ စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ်အတွင်း အရာတော်-ရွာသာကြီး မော်တော်ကားလမ်းဘေး ဝဲ/ယာတွင် နွေစပါးရိတ်သိမ်းခြွေလှေ့မှု၊ မိုးစပါး စိုက်ပျိုးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအရှေ့ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မိုးပိုလာမည်

ရန်ကုန် ဩဂုတ် ၁၁

လွန်ခဲ့သော ၂၄ နာရီအတွင်း စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဘားအံ မြို့တွင် ၃ဒသမ၁၅ လက်မ၊ မော်လမြိုင်မြို့တွင် ၂ဒသမ၉၉ လက်မ၊ တောင်ငူမြို့တွင် ၂ဒသမ၅၂ လက်မနှင့် ဂွမြို့တွင် ၂ဒသမ၂၈ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

ထူးခြားသည့် အခြေအနေမှာ ယနေ့နံနက် မြန်မာစံတော်ချိန် ၀၆း၃၀ နာရီအချိန် တိုင်းထွာချက်များအရ ယမန်နေ့က တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ဆက်လက်တည်ရှိနေပြီး ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၏ အရှေ့တောင်ဘက် ၂၆၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက်ဘက်ဆီသို့ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

ဩဂုတ် ၁၂ ရက်နေ့ ညနေအထိ ခန့်မှန်းချက်မှာ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် မိုးပိုလာမည်။

ဩဂုတ် ၁၁ ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

ဒို့တာဝန်အရေး (၃)ပါးနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂)ရပ်သည် အမျိုးသားရေးမူဝါဒနှင့် ကျင့်စဉ်များပင်ဖြစ်။

ယင်းမူဝါဒနှင့် ကျင့်စဉ်အတိုင်း အစိုးရ၊ ပြည်သူ၊ တပ်မတော် လက်တွဲပူးပေါင်း ဆောင်ရွက်ခဲ့၍ အေးချမ်းတည်ငြိမ်မှုနှင့် စည်းလုံးညီညွတ်ရေးများရရှိပြီး အမျိုးသား စီးပွားရေးဘဝနှင့် လူ့စွမ်းအား အရင်းအမြစ်များ တိုးတက်ဖြစ်ပေါ်ခဲ့။

နယ်ချဲ့လက်သစ်ဝါဒီများက ဖိအားမျိုးစုံပေးပြီး ပြည်တွင်းရေးကိုစွက်ဖက် ပြည်တွင်းသစ္စာဖောက်များက နိုင်ငံတော်နှင့် လူထုအကျိုးစီးပွား ပျက်ပြားအောင်လုပ်နေမည်သည့်အခက်အခဲနှင့် ရင်ဆိုင်ရပါစေ နိုင်ငံတော်နှင့် နိုင်ငံသားတို့ တည်ငြိမ်အေးချမ်းရေး စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီမံကိန်းချမှတ် လုပ်ဆောင်သွားမည်

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- * အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

"ပြည်တွင်း ပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးကို ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပစဉ်။

(သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၁

"ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီတွင် ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

လူထုအစည်းအဝေးပွဲသို့ ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တစ်ခဲနက် တက်ရောက်ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ●